ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 7 August 2019 ၉၇၃၄


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနာယက နိုင်ငံတော်သမ္မတဦးဝင်းမြင့်အား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူနှင့် အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်အမယာမော်နိုင်တို့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းမှု၊ ၂၀၁၅ ခုနှစ် ကြက်ခြေနီအသင်းဥပဒေအရ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ညီလာခံကျင်းပသွားမည့်အခြေအနေ၊ အဆိုပါ ညီလာခံတွင် မြို့နယ်အသင်းခွဲမှစ၍ ကောင်စီဝင်နှင့် အလုပ်အမှုဆောင် အဆင့်ဆင့် ရွေးချယ်တင်မြှောက်သွားမည့်အခြေအနေ၊ အသင်းကြီး၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ကျင်းပသွားမည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ လက်ခံရယူစဉ်။

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်က မြန်မာနိုင်ငံနှင့် ပတ်သက်၍ အစီရင်ခံစာထုတ်ပြန်မှုအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်ထုတ်ပြန်

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင် (Fact Finding Mission - FFM) က ဩဂုတ်လ ၅ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ အစီရင်ခံစာထုတ်ပြန်မှုအပေါ် မြန်မာနိုင်ငံ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁။ မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကောင်စီက အခြေအမြစ်မရှိသော စွပ်စွဲချက်များကိုအခြေခံ၍ အချက်အလက်ရှာဖွေရေးမစ်ရှင်(Fact Finding Mission - FFM) စတင်ဖွဲ့စည်းစဉ်ကပင် ဆန့်ကျင်ကန့်ကွက်ခဲ့ပါသည်။ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ အစီရင်ခံစာကို အသိအမှတ်ပြုမည်မဟုတ်ကြောင်း မြန်မာနိုင်ငံ၏ရပ်တည်ချက်ကို ရှင်းလင်းထင်ရှားစွာ ထုတ်ဖော်ပြသခဲ့ပြီးဖြစ်ပါသည်။ လူ့အခွင့်အရေးကိစ္စအပါအဝင် နိုင်ငံတကာအရေးကိစ္စရပ်များအား ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်ရေးကို အခြေခံ၍သာ ဆောင်ရွက်သင့်သည်ဟူသော ရပ်တည်ချက်ကို မြန်မာနိုင်ငံက ခိုင်မာစွာဆုပ်ကိုင်ထားပါသည်။ ပြေလည်အောင်ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သော စိန်ခေါ်မှုများကို စီးပွားရေးပိတ်ဆို့အရေးယူမှုများဖြင့် ဖြေရှင်းနိုင်လိမ့်မည်ဟု မြန်မာနိုင်ငံအနေဖြင့် မယုံကြည်ပါ။


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍



C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

ကြေးမုံ

# ရင့်ကျက်ခိုင်မာသည့်ဒီမိုကရေစီသို့ တက်လှမ်း

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလမှာ ရှစ်နှစ်ကျော်၊ ကိုးနှစ်နီးပါးကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ကမ္ဘာ့သမိုင်းမှတ်တမ်းများအရကြည့်မည်ဆိုလျှင် သက်တမ်းနုနယ်သေးသည်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုကို အကြမ်းဖျင်းကြည့်မည်ဆိုလျှင် အတော်အတန် တိုးတက်မှုရှိသည်ဟု ဆိုနိုင်သော်လည်း ရင့်ကျက်ခိုင်မာမှုတွင် လိုအပ်မှုရှိနေသေးသည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံတော်ဖြစ်၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ထောင်မည်ဆိုသည့် မူဝါဒကို ချမှတ်ထားသည်။ ယင်းသန္နိဋ္ဌာန် အောင်မြင်စေရန်အတွက် မိမိတို့အားလုံး တက်ညီလက်ညီ၊ တစ်လေ့တည်းစီး၊ တစ်ခရီးတည်းသွား၊ ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဩဂုတ်လ ၂ ရက်နေ့တွင် မန္တလေးကွန်ဗင်းရှင်းစင်တာ၌ လမ်းညွှန်မှာကြားထားသည်။

ဒီမိုကရေစီစနစ်သည် ပြည်သူများအားလုံး လိုလားနှစ်သက်သည့် လမ်းစဉ်ဖြစ်သည်။ ပြည်သူကိုဗဟိုပြုသည့်မူဝါဒဖြစ်၍ နှစ်သက်လက်ခံကြသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကိုလည်း ပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြင့် အကောင်အထည်ဖော်နေပြီဖြစ်သည်။ သို့သော် ဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများစွာရှိနေသည်။ ပြည်သူများအနေဖြင့် စည်းကမ်းတကျ ညီညီညွတ်ညွတ်ကူးပြောင်းမှ အောင်မြင်မည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးသည်နှင့် ပါလီမန်ဒီမိုကရေစီစနစ်ကိုကျင့်သုံးခဲ့သည်။ သို့သော် ဆယ်နှစ်ကျော်ကာလအတွင်း ပြန်လည်ပျက်သုဉ်းသွားခဲ့သည်ကို သင်ခန်းစာယူရမည်ဖြစ်သည်။

၁၉၉၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်ကာလအတွင်း ကမ္ဘာပေါ်ရှိ ဒီမိုကရေစီအသွင်ကူးပြောင်းသည့် နိုင်ငံ ၈၆ နိုင်ငံကိုလေ့လာကြည့်လျှင် အကြိမ်ပေါင်း ၁၁၅ ကြိမ် ရှေ့တိုးနောက်ပြန်ဖြစ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို စတင်အကောင်အထည်ဖော်သည့် အနောက်နိုင်ငံများမှ စံထားသော ဒီမိုကရေစီခိုင်မာသည့်အဆင့်ကိုရောက်ရှိသွားသော နိုင်ငံမှာ ၁၅ နိုင်ငံသာရှိသည်။ ဒေသအလိုက်ပြန်ကြည့်လျှင် လက်တင်အမေရိကနိုင်ငံများ၌ ခိုင်မာသည့်ဒီမိုကရေစီစနစ်သို့ မည်သည့်နိုင်ငံမျှ မရောက်ရှိချေ။

ဆိုလိုသည်မှာ သာမန်စနစ်သစ်ကို ကူးပြောင်းရာတွင်ပင် မလွယ်ကူလှဘဲ နိုင်ငံတစ်ခုလုံး၏မူဝါဒစနစ် ကူးပြောင်းရာတွင် ပို၍အခက်အခဲ အကျပ်အတည်းများ၊ စိန်ခေါ်မှုများများစွာရှိနေသည်ကို သိရှိနားလည်နိုင်ရန်ဖြစ်သည်။ ခိုင်မာသည့်အဆင့်သို့ရောက်ရှိနိုင်ရန်မှာ နှစ်ပေါင်း ၃၀၊ ၄၀ မျှ ကြာမြင့်တတ်သည်။ စစ်အေးလွန်ကာလ ဒီမိုကရေစီအသွင်ကူးပြောင်းသောနိုင်ငံများအနေဖြင့် အသွင်ကူးပြောင်းမှုသံသရာတွင် ရှေ့တိုးလိုက်၊ နောက်ပြန်ဆုတ်လိုက်နှင့် တဝဲလည်လည် ဖြစ်နေကြသည်ကို သတိပြုရမည်ဖြစ်သည်။

၂၁ ရာစုကာလတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ၂၀၁၀ ပြည့်နှစ်မှစတင်၍ အကောင်အထည်ဖော်လာခဲ့ပြီး ယခုအခါ သက်တမ်းကိုးနှစ်ကာလသို့ပင် ရောက်ရှိလာပြီဖြစ်သည်။ ထိုသို့ အသွင်ကူးပြောင်းရာတွင် အရပ်သားအစိုးရလက်ထက် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲလွန်ကာလမှစ၍ စိန်ခေါ်မှုများကို ကြီးမားစွာကြုံတွေ့လာရသည်။ အဓိကမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ရခိုင်ပြည်နယ်ပြဿနာအရေးကိစ္စများဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မည်သို့ပင် အခက်အခဲများ၊ စိန်ခေါ်မှုများ များစွာရှိသော်လည်း မူလသန္နိဋ္ဌာန်ချမှတ်ထားသည့်အတိုင်း ဒီမိုကရေစီခရီးလမ်းကို အောင်မြင်စွာဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး ကြိုးပမ်းသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နေသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုသည် နောက်ပြန်မလှည့်သည့် ဒီမိုကရေစီဖြစ်ပြီး ပြည်သူလူထုအကျိုးစီးပွားများကို အဆင့်ဆင့်ဖြည့်ဆည်းပေးရင်း ရင့်ကျက်ခိုင်မာသည့် ဒီမိုကရေစီစနစ်သို့ တက်လှမ်းနေပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## သံအမတ်ကြီး ဦးမြင့်ဆွေ နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၇**

နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အဘူဂျာမြို့၌ နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မူဟန်မာဒူ ဘူဟာရီ ထံ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

# မြန်မာသင်္ဘောသားသက်သေခံလက်မှတ် စမတ်ကတ်များ စတင်ထုတ်ပေး

**ရန်ကုန် ဩဂုတ် ၆**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် Omnitech ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ မြန်မာသင်္ဘောသားများအတွက် ILO Convention(C-185)နှင့်အညီ ထုတ်ပေးမည့် သင်္ဘောသားသက်သေခံလက်မှတ် (Seafarers Identity Smartcard) စတင်ထုတ်ပေးရန်အတွက် Key Ceremony အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဒေါပုံမြို့နယ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပသည်။



"ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ မြန်မာသင်္ဘောသားတွေအတွက် သင်္ဘောသားစာအုပ်လို့ခေါ်တဲ့ SID Booklet တွေကို ၂၀၀၄ ခုနှစ်မှာ စတင်ထုတ်ပေးခဲ့ပြီးတော့ အခုအခါမှာတော့ ILO Convention မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်လို့ စာအုပ်တွေအစား စမတ်ကတ်ကိုပြောင်းလဲဖို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အရင်က စာအုပ်ဆိုရင် ငွေကျပ် ၂၅၀၀၀ လောက် ကုန်ကျတာဖြစ်ပါတယ်။ ဒီ SID ကတ်ကတော့ အစိုးရကိုပေးသွင်းရတဲ့ ငွေအပါအဝင် ငွေကျပ် ၁၂၀၀၀ လောက်ပဲ ကုန်ကျမှာဖြစ်ပါတယ်။ မြန်မာ သင်္ဘောသားတွေအနေနဲ့လည်း ဒီကတ်ကိုရတဲ့အတွက် အခြားနိုင်ငံတွေရောက်တဲ့အခါ ကမ်းပေါ်တက်ရာမှာ နိုင်ငံတကာအသိအမှတ်ပြုကတ်ဖြစ်လို့ လွယ်ကူချောမွေ့အဆင်ပြေမှာဖြစ်ပါတယ်"ဟု ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်က ပြောသည်။

မြန်မာသင်္ဘောသားများအနေဖြင့် အဆိုပါကတ်ကိုလျှောက်ထားရာတွင် အွန်လိုင်းစာမျက်နှာ https://omnitechmm.com သို့ ဝင်ရောက်ကာ လျှောက်ထားရမည်ဖြစ်ကြောင်း၊ လိုအပ်သော အချက်အလက်များ ဖြည့်သွင်းလျှောက်ထားပြီးနောက် ဒေါပုံသင်္ဘောသားရုံးသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဖြစ်ကြောင်း၊ ဩဂုတ် ၇ ရက်မှစတင်ကာ ကတ်ထုတ်ပေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ သင်္ဘောသားဦးရေ ၆၀၀၀၀ လောက်ရှိပါတယ်။ ဒီကတ်မတိုင်မီက သင်္ဘောသားတွေအနေနဲ့ လျှောက်လွှာအထောက်အထားတွေနဲ့ သင်္ဘောထွက်ရတာဆိုတော့ အဆင်မပြေပါဘူး။ နိုင်ငံတကာကလည်း လက်မခံပါဘူး။ အခုအခါမှာတော့ မြန်မာနိုင်ငံက ဒီကတ်ဆောင်ရွက်ဖို့ ILO Convention မှာ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါတယ်"ဟု ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သင်္ဘောသားဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဟိန်းထက်စိုးက ပြောသည်။

အဆိုပါသင်္ဘောသားသက်သေခံလက်မှတ်စမတ်ကတ်၏ သက်တမ်းမှာ ငါးနှစ်ဖြစ်ကြောင်း၊ လောလောဆယ် မြန်မာသင်္ဘောသား ငါးသောင်းခန့်ကို စမတ်ကတ်များ ထုတ်ပေးသွားရန် ပြင်ဆင်ထားကြောင်း Omnitech ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းကုမ္ပဏီသည် အဆိုပါသင်္ဘောသားကတ်များထုတ်ပေးရန် တင်ဒါအောင်ထားသောကုမ္ပဏီဖြစ်ပြီး ယခုအခါ ကတ်ထုတ်ပေးရန် ဒေါပုံသင်္ဘောသားရုံး၌ပင် ရုံးခန်းဖွင့်လှစ်ကာ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်နှင့်တာဝန်ရှိသူများသည် ထိုနေ့နံနက်ပိုင်းက သင်္ဘောသားစမတ်ကတ်ထုတ်ပေးရန် ပြင်ဆင်ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြင့်မောင်စိုး**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆-၈-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၅၀၀ | ၁,၅၃၄ | ၁၆,၈၇၅,၅၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၀၀ | ၃,၃၀၉ | ၁၁,၃၅၄,၇၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၃၅ | ၁,၀၉၃,၅၀၀ |
| FPB | ၂၅,၀၀၀ | ၂၅,၅၀၀ | ၅၄၃ | ၁၃,၆၄၁,၅၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၁,၃၆၂ | ၄,၀၁၇,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၆**

ရန်ကုန်(ရွှေဈေး) ၁၁၇၄၀၀၀ မန္တလေး(ရွှေဈေး) ၁၁၇၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၅၀/၉၀၅ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၀/၈၉၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၅၀/၈၀၅ ကျပ် | ၈၃၅/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၆၀/၉၁၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၅/၈၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅/၈၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၄၃/၇၄၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၁.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၂.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၄.၇၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၁၃၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၀.၆၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၅၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၉.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၃၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၆.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၃.၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနာယက နိုင်ငံတော်သမ္မတဦးဝင်းမြင့်အား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူနှင့် အချိန်ပြည့်အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာဒေါ်အမယာမော်နိုင်တို့က လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

**☆ နိုင်ငံတော်သမ္မတမှ**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတဦးဝင်းမြင့်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်းလုံး စေတနာအလျောက် လွတ်လပ်စွာ ကူညီဆောင်ရွက်ပေးနေသော အသင်းဖြစ်ကြောင်း၊ အသင်းကြီးသည် ဂျီနီဗာ သဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ၏ မူဝါဒများ၊ အခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရပါကြောင်း၊ ထို့အပြင် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုကရုဏာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရကြောင်း၊ လူသားချင်းစာနာထောက်ထားသော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးကြရပါကြောင်း၊ သဘာဝဘေးအန္တရာယ်များ၊ လူ့ပယောဂကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များ၊ အရေးပေါ်ကိစ္စများတွင်လည်း ပါဝင်ကူညီကြရပါကြောင်း၊ ကျန်းမာရေး၊ ရောဂါဘယကြိုတင်ကာကွယ်ရေးနှင့် လူမှုဝန်ထမ်းလုပ်ငန်းများတွင်လည်း ကူညီစောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတော်၏ အင်အားတစ်ရပ်ဖြစ်ပါကြောင်း။

**ဦးတည်ဆောင်ရွက်**

အသင်း၏ညီလာခံကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြီး မဲပေးခွင့်ရှိသူများ မဲပေးပိုင်ခွင့်ရရှိရေးကို ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကောင်စီဝင်များကို ထိုညီလာခံက ရွေးချယ်ဖွဲ့စည်းပေးရမည်ဖြစ်ပြီး ကောင်စီဝင်များ မှန်မှန်ကန်ကန် ရရှိရေးကိုလည်း ဦးတည်ဆောင်ရွက်ရန်လိုကြောင်း၊ ကောင်စီဝင်များထဲမှ အလုပ်အမှုဆောင်များအားစနစ်တကျ ရွေးချယ်ပြီး ယင်းအလုပ်အမှုဆောင် အဖွဲ့ဝင်များက မိမိတို့အဖွဲ့ဝင်များထဲမှ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ အချိန်ပြည့်အလုပ်အမှုဆောင်နှစ်ဦးနှင့် အချိန်ပိုင်းအလုပ်အမှုဆောင် ခြောက်ဦးတို့ကို ရွေးချယ်တင်မြှောက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ရွေးချယ်တင်မြှောက်ရာတွင် စေတနာပါပါ၊ လုပ်ရည်ကိုင်ရည်နှင့်အတွေ့အကြုံရှိရှိ၊ တာဝန်ကျေကျေဖြင့် နိုင်ငံတော်အတွက် ထမ်းဆောင်နိုင်သူများကို ရွေးချယ်ပေးကြရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌက လက်ခံသည်။ ယင်းနောက် နိုင်ငံတော်သမ္မတအား အသင်းဥက္ကဋ္ဌက မြန်မာနိုင်ငံကြက်ခြေနီအသင်း ရာသက်ပန်အသင်းဝင်တံဆိပ်အား ပေးအပ်သည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

**○ ရှေ့ဖုံးမှ**

၂။ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်လာလျှင် တာဝန်ယူ၊ တာဝန်ခံမှုများ ရှိရမည်ဆိုသည်မှာ မြန်မာနိုင်ငံ၏မူအရ ရပ်တည်ချက်ဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ဖွဲ့စည်းလျက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့တပ်မတော်အနေဖြင့်လည်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည်ဆိုသော လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းကာ စစ်ဆေးလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးဆိုင်ရာ ကိုယ်ပိုင်ယန္တရားများ ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ထိုသို့ ပြည်တွင်း၌ ဖွဲ့စည်းဆောင်ရွက်ထားသည့် ယန္တရားများ ပြီးပြတ်ပြည့်စုံအောင် ဆောင်ရွက်စေခြင်းမပြုဘဲ အခြားယန္တရားများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို မိမိတို့ဆန့်ကျင်ပါသည်။

၃။ လူ့အခွင့်အရေးကောင်စီအနေဖြင့် အချက်အလက်ရှာဖွေရေးမစ်ရှင်ဖွဲ့စည်းဆောင်ရွက်ခြင်းသည် ယင်း၏လုပ်ပိုင်ခွင့်ကို ကျော်လွန်လုပ်ဆောင်ခြင်းဖြစ်ပြီး နိုင်ငံတကာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်ခြင်းဖြစ်ပါသည်။ အချက်အလက်ရှာဖွေရေးမစ်ရှင်ကိုသော်လည်းကောင်း၊ ယင်း၏အစီအရင်ခံစာကိုသော်လည်းကောင်း မိမိတို့ အသိအမှတ်ပြုလက်ခံမည်မဟုတ်ပါ။ မြန်မာအစိုးရအနေဖြင့် အချက်အလက်ရှာဖွေရေးမစ်ရှင်၏ နောက်ဆုံးထုတ် အစီရင်ခံစာနှင့် သုံးသပ်ချက်များကို ပြတ်ပြတ်သားသား ပယ်ချပါသည်။ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ အစီရင်ခံစာသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ရှုမြင်သတ်မှတ်ပါသည်။ ထိုကဲ့သို့သော ဆောင်ရွက်ချက်များသည် ရခိုင်ပြည်နယ်တွင် လက်ရှိတွေ့ကြုံရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် တစ်စုံတစ်ရာ အထောက်အကူဖြစ်စေနိုင်မည်မဟုတ်ဟု ယုံကြည်ပါသည်။

၄။ ရခိုင်ပြည်နယ်ရှိ စိန်ခေါ်မှုများကို တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ခြင်းဖြင့်သာ ဖြေရှင်းနိုင်လိမ့်မည်ဟု မြန်မာနိုင်ငံက ယုံကြည်ထားပါသည်။ ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအတွင်း သဟဇာတဖြစ်ရေးကို တည်ဆောက်ပေးခြင်း၊ ငြိမ်းချမ်း၊ တည်ငြိမ်၊ လုံခြုံစိတ်ချ၊ သာယာဝပြောသော ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းတို့သည်သာ မိမိတို့၏ လတ်တလော ဦးစားပေးရည်မှန်းချက်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၉ ခုနှစ် ဩဂုတ်လ ၆ ရက်**

# စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ ဘူးသီးတောင်၊ မောင်တောနယ်မြေသို့ သွားရောက်စစ်ဆေးခဲ့

**နေပြည်တော် ဩဂုတ် ၆**

တပ်မတော်နည်းဥပဒေများနှင့်အညီဖွဲ့စည်းခဲ့သည့် ဥက္ကဋ္ဌ ဗိုလ်ချုပ်မြတ်ကျော် ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့သည် ဘူးသီးတောင်နှင့် မောင်တောနယ်မြေအတွင်းရှိ ကွပ်ကဲမှုဌာနချုပ်များ၊ စစ်ဗျူဟာအခြေချအဖွဲ့၊ တပ်ရင်း တပ်ဖွဲ့များ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့နှင့်ရဲစခန်းများ၊ အကျဉ်းထောင်နှင့် ကျေးရွာများသို့ နှစ်ကြိမ်သွားရောက်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့သည် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို စုံစမ်းစစ်ဆေးရန်အတွက် ဘူးသီးတောင်နယ်မြေအတွင်းရှိ ကွပ်ကဲမှုဌာနချုပ်တစ်ခုအပါအဝင် တပ်ရင်း/တပ်ဖွဲ့ သုံးခု၊ ရဲစခန်းသုံးခု၊ အကျဉ်းထောင်တစ်ခုနှင့် ကျေးရွာငါးရွာတို့ကို လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ပထမအကြိမ် သွားရောက်စစ်ဆေးခဲ့ကြောင်း။

စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့သည် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်တွင် ဘူးသီးတောင်၊ မောင်တောနယ်မြေအတွင်းရှိ ကွပ်ကဲမှုဌာနချုပ်တစ်ခု၊ စစ်ဗျူဟာအဖွဲ့(အခြေချ) တစ်ခုအပါအဝင် တပ်ရင်းသုံးခု၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှစ်ခု၊ ပြည်နယ်ရဲတပ်ဖွဲ့တစ်ခုနှင့် ကျေးရွာ ၂၂ ရွာတို့သို့ သွားရောက်၍ လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများကို ဒုတိယအကြိမ်ပြုလုပ်ခဲ့ပြီး ဩဂုတ် ၅ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ စစ်ဆေးဆောင်ရွက်ရာတွင် ဥပဒေအကြံပေးအဖွဲ့၏ အကြံပြုချက်များကို ရယူဆောင်ရွက်ခဲ့ကြောင်းနှင့် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ငဝန်မြစ်နှင့်သောင်ရင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေ

**နေပြည်တော် ဩဂုတ် ၆။** ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် သုံးစင်တီမီတာခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်နှင့် မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ်ကို ပိုမိုအားပေးဆောင်ရွက်ပါရန် တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က အတည်ပြု

နေပြည်တော် ဩဂုတ် ၆

**လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ်ကို ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အဋ္ဌမနေ့ အစည်းအဝေးတွင် အတည်ပြုလိုက်သည်။

အစည်းအဝေးတွင် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း တင်သွင်းသည့် **"လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ် (Research and Extension System) ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်းက မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများသည် သီးနှံဈေးနှုန်း သတ်မှတ်ချက်မရှိခြင်း၊ သီးနှံဈေးကွက်မရှိခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်း၊ လုပ်အားခ ကြီးမားခြင်း၊ အရင်းအနှီးနည်းပါးခြင်း၊ အသိပညာ နည်းပညာများ အားနည်းခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ မထုတ်လုပ်နိုင်ခြင်းစသည်ဖြင့် ဘက်ပေါင်းစုံ အားနည်းလျက်ရှိပါကြောင်း၊ အချို့လယ်ယာ သားငါးထုတ်ကုန်များကို အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းနေရသည်ကို စိတ်မကောင်းစွာ ကြားသိရပါကြောင်း။

မြန်မာနိုင်ငံသည် တစ်ချိန်က ကမ္ဘာ့ဆန်အိုးကြီး၊ ကမ္ဘာ့ဆီအိုးကြီးအဆင့်ထိ ရှိခဲ့ပါကြောင်း၊ တောင်သူလယ်သမား တိုးတက်မှ နိုင်ငံတိုးတက်မည်ဖြစ်သကဲ့သို့ နိုင်ငံတိုးတက်မှ တောင်သူလယ်သမားဘဝ ပိုမိုမြင့်မားလာမည်ဖြစ်သည့်အတွက် လက်ရှိ အခြေအနေတွင် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လက်ရှိဒေသတွင်း နိုင်ငံများနှင့် မိမိတို့နိုင်ငံ နှိုင်းယှဉ်ပါက ကွာဟချက် ရှိနေဆဲဖြစ်ပါကြောင်း၊ သို့သော် ဝန်ကြီးဌာန အနေဖြင့် ရှိရင်းစွဲ အရင်းအမြစ်များကို အသုံးချ၍ ဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြား တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ်ကို ဦးတည်ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အလျောက် ယခုတင်သွင်းသည့် အဆိုသည် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အရှိန်အဟုန်ကောင်းကောင်းဖြင့် ပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို များစွာ အထောက်အကူဖြစ်ပြီး မိမိတို့လုပ်ငန်းအပေါ်တွင် အားဖြည့်ပေးသည့် အဆိုတစ်ရပ်ဖြစ်နေသည့်အတွက် အဆိုအား အတည်ပြုသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုအား အတည်ပြုခဲ့သည်။

ထို့ပြင် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်၏ **"လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် မြေကြီးမြေပုံမှန်ကန်ရေးအတွက် မည်ကဲ့သို့ စီမံခန့်ခွဲအကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ရှိအသုံးပြုလျက်ရှိသည့် ကွင်းမြေပုံများသည် မြေကြီးနှင့် မြေပုံ အစဉ်အမြဲမှန်ကန်မှုရှိမှသာ နိုင်ငံတော်၏ မြေယာဆိုင်ရာမူဝါဒများ ချမှတ်ရာတွင်လည်းကောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ ပြည်သူလူထု၏ စားနပ်ရိက္ခာဖူလုံမှုနှင့် နေထိုင်မှုဆိုင်ရာ အခက်အခဲများအား ဖြေရှင်းပေးရာတွင်လည်းကောင်း၊ အခြေခံလိုအပ်ချက်ဖြစ်သည့် မြေအသုံးချမှုဆိုင်ရာ စာရင်းအင်းအချက်အလက်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်နိုင်မည်ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး
ဦးလှကျော်



ဒုတိယဝန်ကြီး
ဒေါက်တာရဲမြင့်ဆွေ



ဒုတိယဝန်ကြီး
ဦးသာဦး



မိုးမိတ်မဲဆန္ဒနယ်မှ
ဦးတိုးသောင်



မအူပင်မဲဆန္ဒနယ်မှ
ဦးစိန်ဝင်း



ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ
ဦးနေထက်ဝင်း

## မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေးအတွက် မြေတိုင်းတာ၍ ဒစ်ဂျစ်တယ်မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးလုပ်ငန်းကို နှစ်စဉ်စီမံချက်များ ချမှတ်၍ အထူးဦးစားပေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိ

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အနေဖြင့် မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေးအတွက် မြေတိုင်းတာ၍ ဒစ်ဂျစ်တယ်မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးလုပ်ငန်းကို ဝန်ထမ်းအင်အားခန့်ထားပေးမှုနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် အခြေခံပြီး နှစ်စဉ်စီမံချက်များ ချမှတ်၍ အထူးဦးစားပေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သတ်မှတ်ဝန်ထမ်းအင်အား အပြည့်အဝ ခန့်ထားနိုင်မှုနှင့် ရန်ပုံငွေလုံလောက်စွာ ခွဲဝေရရှိပါက လုပ်ငန်းများ ယခုထက် ပိုမိုလျင်မြန်လာနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၏ **"လယ်ယာ၊ အိမ်၊ ခြံမြေတို့၏ နယ်နိမိတ်အငြင်းပွားမှုများကို လျင်မြန်ထိရောက်စွာ ဖြေရှင်းပေးနိုင်မည့် လုပ်ထုံးလုပ်နည်းတစ်ရပ် ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ၊မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေနယ်နိမိတ်တိုင်းတာမှုများကို သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများက ဆောင်ရွက်ပြီး ကျန်မြို့မြေ၊ ရွာမြေနှင့် စိုက်ပျိုးမြေစသည့် မြေများကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြေစာရင်းလက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်းဥပဒေ ၉ ပါ ပြဋ္ဌာန်းချက်များနှင့် တရားရုံးလက်စွဲဥပဒေအပိုဒ် ၂၉၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် သက်ဆိုင်ရာတရားရုံးများနှင့် ဥပဒေနှင့်အညီ ပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အငြင်းပွားမှုမရှိသည့် ကိစ္စရပ်များအတွက် သက်ဆိုင်ရာပုဂ္ဂလိကအဖွဲ့အစည်းတို့မှ ၎င်းတို့ပိုင်ဆိုင်သည့် မြေနယ်နိမိတ်ကို တိုင်းတာပေးရန် လျှောက်ထားလာပါက တရားရုံးများသို့ တင်ပြလျှောက်ထားရန်မလိုအပ်ဘဲ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေစာရင်းလက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြေတိုင်းတာပေးရာတွင် ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူရန် လိုအပ်ခြင်းသည်လည်း တရားမကျင့်ထုံးဥပဒေနှင့် တရားရုံးလက်စွဲ ဥပဒေများအရ ဆောင်ရွက်နေရခြင်းသည် နယ်နိမိတ်တိုင်းတာမှုလွဲမှားပါက သက်ဆိုင်ရာ ကာယကံရှင်များအနေဖြင့် နစ်နာသွားနိုင်သည့်အတွက် တိကျမှန်ကန်မှုဖြစ်စေရေး တည်ဆဲဥပဒေများနှင့်အညီ လုပ်ငန်းစဉ်အတိုင်း အဆင့်ဆင့်လုပ်ဆောင်ကြခြင်းဖြစ်သည့်အတွက် လုပ်ထုံးလုပ်နည်း ထပ်မံဖော်ဆောင်ရန်လိုအပ်မည် မဟုတ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အတူ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၏ **"မိုးမိတ်မြို့နယ် တောင်ပေါ်ဒေသများတွင် ဆက်သွယ်ရေး တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ **"SIM Card မှတ်ပုံတင်ခြင်းကို နိုင်ငံသားမှတ်ပုံတင် မှုရင်းဖြင့်သော်လည်းကောင်း၊ Biometric စနစ်ဖြင့်သော်လည်းကောင်း မှတ်ပုံတင်ခြင်း ပြုလုပ်မည့်အစီအစဉ်ကို သိလိုခြင်း"** မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသာဦးကလည်းကောင်း၊ ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန်၏ **"ခန္တီးမြို့နှင့် ကျေးရွာအုပ်စု (၉)အုပ်စုမှ ကျေးရွာများသည် ခန္တီးရတနာ နယ်မြေအတွင်း ကျရောက်နေပါသဖြင့် ပြန်လည်စိစစ်၍ ရတနာနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ **"လျှပ်စစ်မီး မရရှိနိုင်သေးသည့် ဒေသများတွင် သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်နှင့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချနိုင်ရန်၊ ထင်းအစားထိုး အခြားလောင်စာသုံးစွဲခြင်း အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊မရှိ "** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လည်းကောင်း၊ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၏ **"သမဝါယမဦးစီးဌာန ဝန်ထမ်းများက သမဝါယမဘဏ် (CB ဘဏ်) တွင် ထည့်ဝင်ထားသော အစုရှယ်ယာငွေများအပေါ် နှစ်စဉ်အမြတ်ခွဲဝေပေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းပြီးသော သမဝါယမအသင်းများ၏ ငွေစုဘဏ်စာရင်းရှိ စုဆောင်းငွေများကို မည်သို့ စီမံဆောင်ရွက်ထားကြောင်းသိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **"အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း"** ကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်ပါ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်းနှင့် လွှတ်တော်ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း တင်သွင်းသည့် **"မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အဖိုးတန်ကျွန်းသစ်နှင့် ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာဒေသများ၌ အစိုးရ၏ အစီအစဉ်ဖြင့် သစ်အချောထည်စက်ရုံများ တည်ဆောက်ပေးနိုင်ရေး လိုအပ်သော နည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးပေးမည့် အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထီးချိုင့် မဲဆန္ဒနယ်မှ ဦးမောင်မောင်က လက်ရှိသုံးစွဲနေသည့် အိမ်သုံးပရိဘောဂ အသုံးအဆောင်များသည် နိုင်ငံခြားကလာသည့် ကြိတ်သားနှင့် ပြုလုပ်ထားသော ဒီဇိုင်းလှ အရောင်စုံပြီး မျက်စိအမြင်တင့်သည့် ပစ္စည်းများဖြစ်ပါကြောင်း၊ နည်းပညာပံ့ပိုးနိုင်သည့်အခါ သစ်သားစစ်စစ်ကို မသုံးနိုင်ဘဲ ကြိတ်သားပရိဘောဂနှင့် စခန်းသွားကြရပါကြောင်း၊ မိမိတို့နိုင်ငံ အချို့ဒေသများတွင် ကျွန်းသစ်ငုတ်တိုများကို မြေကြီးထဲကတူးပြီး ခြံစည်းရိုးတွင်သာ အသုံးပြုနေကြချိန်တွင် နည်းပညာရှိသူများက ကျွန်းငုတ်များကို ပြောင်းပြန်လှန်ပြီး အပေါ်ပိုင်းက သစ်မြစ်များကို ပန်းပုနည်းပညာနှင့် ထည့်ပေါင်းလိုက်သည့်အခါ သိန်းဆယ်ချီတန်သည့် အနုပညာပစ္စည်းဖြစ်သွားသည်ကို တွေ့ရှိရပါကြောင်း။

သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် အောက်ခြေက အခြေအနေမှန်များကို လေ့လာဆန်းစစ်ပြီး ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ လိုက်လျောညီထွေရေရှည်အကျိုးဖြစ်ရန် အနာဂတ်အတွက် မည်သို့သော အစီအစဉ်များ လုပ်ဆောင်သင့်သည်ကို အနာဂတ်အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲပါက ကြီးမားသည့် အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဇစ်တာခလိုက်နှင့် ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်းတို့က အကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက နိုင်ငံတော်၏ မူဝါဒအရ နှစ်စဉ် သစ်ထုတ်လုပ်မှု လျှော့ချနေခြင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းကဏ္ဍမြှင့်တင်ရေးအတွက် သစ်လုံးကုန်ကြမ်းများ ဖြည့်ဆည်းပေးခြင်းနှင့် သစ်စက်များကို လျှော့ချဖျက်သိမ်းလျက်ရှိခြင်းတို့ကြောင့် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်အချောထည်စက်ရုံများ ထပ်မံတိုးချဲ့တည်ဆောက်ရန် အစီအစဉ်

စာမျက်နှာ ၅ သို့

# ပုဂ္ဂလိကပညာရေး သင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသောလက်မှတ်များကိုစိစစ်၍ သတင်းထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် မေးခွန်းငါးခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ပြန်လည်ပေးပို့လာခြင်းအား အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမင်းနိုင်၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် အရှေ့ဘက် နန်ပုခ်ချောင်းအား သံကူကွန်ကရစ်တံတားအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ်အကြား နန်ပုခ်ချောင်းသည် ပေ ၄၀၀ ခန့်ရှိပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပေ ၁၈၀ နှင့်အထက် တံတားများတည်ဆောက်ရာတွင် နည်းပညာဆိုင်ရာ အခက်အခဲများရှိသည့်အတွက် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

## ပညာရေးဝန်ကြီးဌာနနှင့်စပ်လျဉ်းသည့် မေးခွန်းများ ဖြေကြား

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ **အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ တက္ကသိုလ်များတွင် ပညာသင်ကြားနေကြသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသော ကျောင်းသူ ကျောင်းသားများအား တရားဝင်ဘွဲ့လက်မှတ်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ ထုတ်ဝေထားသော တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်တွင် ကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရာ၌ ဝင်ခွင့်လျှောက်ထားသူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။ ဝင်ခွင့်လျှောက်ထားသူများသည် မိမိကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (သို့မဟုတ်) နိုင်ငံသားလက်မှတ် အမှတ်များကို အပြည့်အစုံဖော်ပြ၍ မိတ္တူများကိုလည်း တစ်ပါတည်း ပူးတွဲတင်ပြရမည်။ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ရန် လျှောက်ထားဆဲဖြစ်ပါကလည်း အမှန်တကယ် လျှောက်ထားဆဲဖြစ်ကြောင်း သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ ထောက်ခံစာ(မိတ္တူ)ကို မပျက်မကွက် (မပျက်မကွက်) ပူးတွဲတင်ပြရမည်ဟု သတ်မှတ်ဖော်ပြညွှန်ကြားထားပြီးဖြစ်ပါကြောင်း။


ထို့ပြင် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် စာအုပ်တွင် ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများတွင် အမျိုးသားမှတ်ပုံတင်အမှတ်(သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် (သို့မဟုတ်) နိုင်ငံသားလက်မှတ် အမှတ်များ မမှန်မကန်ထည့်ခြင်းနှင့် လိမ်လည်မှုများတွေ့ရှိပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဟု ဖော်ပြထားပါကြောင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာနအောက်တွင်ရှိသည့် တက္ကသိုလ်များအားလုံး ဖော်ပြပါသတ်မှတ်ချက်များ အတိုင်း တစ်ပြေးညီ ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမင်းနိုင်



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်နိုင်ဦး



မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)မှ ဦးထွန်းထွန်းဦး



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်မျိုး

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီမြို့နယ် ဒါရ်လင်း ကျေးရွာနှင့် ဆဘောင်းပီကျေးရွာကြား ဆက်သွယ်သော လမ်း (၈)မိုင်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ချင်းပြည်နယ် မင်းတပ်မြို့နယ် ရှစ် - တွိုလီး ဘေလီတံတားအား ပြန်လည်ပြုပြင် ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရခိုင်ပြည်နယ် မြောက်ပိုင်းမြို့နယ် ခုနစ်မြို့နယ်ရှိ စစ်ဘေးရှောင်ဒုက္ခသည် စခန်းများမှ ကျောင်းသားများ ပညာသင်ကြားခွင့်ရရှိရေး အတွက် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ အသိပေး တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းတို့က ပြင်ဆင်ဖြည့်စွက်လိုသည့် အကြောင်းအရာများနှင့် အပိုဒ်၊ အပိုဒ်အခွဲများကို ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ထွေး တင်သွင်းထားသည့် **နိုင်ငံခြား တက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင် သင်ရိုးညွှန်းတမ်းများဖြင့် ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိကပညာရေး သင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသောလက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန် ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)မှ ဦးထွန်းထွန်းဦး**က မြန်မာနိုင်ငံအတွင်းတွင် အရည်အသွေး စံချိန်မမီ၊ အာမခံချက်အားနည်းပြီး စီးပွားရေးကိုသာ အဓိကထားသည့် အချို့သောပုဂ္ဂလိကပညာရေးကျောင်းများ၊ သင်တန်းများ ဖွင့်လှစ်လုပ်ကိုင်နေသည်မှာ များစွာကြာမြင့်ပြီဖြစ်ပါကြောင်း၊ ပုဂ္ဂလိကပညာရေးဥပဒေကြမ်းတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်ညီမှသာ ဖွင့်လှစ်ခွင့်ပေးခြင်း၊ သင်ကြားမည့် ဆရာများ၏ အရည်အသွေး၊ သတ်မှတ်သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာအတိုင်း သင်ကြားမှု အစီအစဉ်များကို စနစ်တကျရေးဆွဲတင်ပြရန်၊ နိုင်ငံတကာနှင့် ချိတ်ဆက်သင်ကြားမည်ဖြစ်ပါက ပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံနိုင်မှုကို နိုင်ငံတကာ တရားဝင်အဖွဲ့အစည်းတစ်ခုက သတ်မှတ်ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းမှုဘောင်များနှင့် ကိုက်ညီရမည်ဟု ပါရှိကြောင်း၊ ထို့ပြင် ဥပဒေနှင့်မညီညွတ်ဘဲ မမှန်မကန် လုပ်ဆောင်သည့် ကျောင်းများကို စီမံခန့်ခွဲရေးနည်းလမ်းအရ ရဲအရေးပိုင်သည့်ပြစ်မှုအဖြစ် သတ်မှတ်အရေးယူရန် ကိစ္စရပ်များကို ပြည့်စုံစွာ ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် ၂၀၁၆ ခုနှစ်ကတည်းက ရေးဆွဲထားပြီးဖြစ်သည့် ပုဂ္ဂလိကပညာရေးဥပဒေကြမ်းကို အမြန်ဆုံးလွှတ်တော်သို့ တင်သွင်းပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်နိုင်ဦး**က မည်သည့်ပုဂ္ဂလိကကျောင်းမဆို နိုင်ငံရေး၊ အမျိုးသားရေး ပညာရေးမူဘောင်ဖြင့် ပြဋ္ဌာန်းထားသည့် ပညာရေး စံချိန်စံညွှန်းများရရှိရေးသာ ဦးတည်လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဘွဲ့အတု၊ အရည်အချင်းအတုများ ပေးအပ်နေခြင်းကို ဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်အနေဖြင့် အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်ခြင်းနှင့် ဖွင့်လှစ်ခွင့် ရပ်ဆိုင်းခြင်းမူဝါဒများ ချမှတ်ပေးရန်လိုပါကြောင်း၊ နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကပညာရေးကို အကောင်အထည်ဖော်နိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းကို ဖော်ဆောင်သည့် ပညာရပ်များ သင်ကြားတတ်မြောက်စေရန်၊ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုပြီး အတတ်ပညာနှင့် ပုဂ္ဂလိကကျောင်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုဂ္ဂလိကသင်တန်းကျောင်းများ၏ အရည်အသွေး အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ပြီး ယင်းသင်တန်းကျောင်းများက ထုတ်ပေးသော လက်မှတ်များကို စိစစ်သတင်းထုတ်ပြန်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ထို့အတူ** မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်တို့က အဆိုနှင့်စပ်လျဉ်း၍ ပုဂ္ဂလိက ပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းမြင့်မားရေးနှင့် အာမခံချက်ရှိရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးနဝမနေ့တွင် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဩဂုတ် ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လူကျော်(သတင်းစဉ်)**

---

**စာမျက်နှာ ၄ မှ**

မရှိသေးပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူသုံး သစ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ကုန်ကြမ်းများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် သစ်ကုန်ကြမ်းဖြန့်ဖြူးရောင်းချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရေရှည်ကုန်ကြမ်းရရှိစေရန်အတွက် ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပုဂ္ဂလိကသစ်အချောထည်စက်များ၊ တည်ထောင်ခွင့်ပြုထားခြင်းနှင့် မြန်မာနိုင်ငံအနေဖြင့် သစ်တောများ ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လိုက်နာဆောင်ရွက်နေရသည့်အတွက် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိပေးပါရန် ရှင်းလင်းပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန်ဆုံးဖြတ်ပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။ **သတင်း-မော်စီ၊ မွေးကြူဇင်၊ ဓာတ်ပုံ-ထန်းဖုန်**

# အသက်ရှည်ရာ အနာမဲ့ကြောင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ ၂၀၀၀ ပြည့်နှစ်မတိုင်ခင် အချိန်တွေလောက်ကတည်းက ဆောင်ပုဒ်ရှိခဲ့သည်။

၁။ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး။

၂။ လူတိုင်းရောဂါဘယကင်းရှင်းရေးဟု ဖြစ်သည်။

အလွယ်ပြောရလျှင်တော့ အသက်ရှည်ရာ အနာမဲ့ကြောင်းပေါ့။

အဲသည်ခေါင်းစဉ်နှင့် ကျွန်တော်ဆောင်းပါးရှည်ကြီးတစ်ပုဒ် ရေးခဲ့ဖူးသည်။ ကလေးကျန်းမာရေးဆိုင်ရာ အယူအဆအမှားများပေါင်းချုပ်(၂၀၁၉)တွင် ပါပြီးဖြစ်သည်။ သည်မှာတော့ ကျွန်တော်အနှစ်ချုပ်ကလေး ပြန်ပြောချင်သည်။ ပြောချင်မိရသည့် အကြောင်းကတော့ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့်ပတ်သက်လျှင် ဆရာဝန်တွေအပေါ်မှာ တော်တော်အပြစ်ပြောနေကြတာတွေ နေ့တိုင်းကြားနေ၊ မြင်နေရ၍ ဖြစ်သည်။ ထုံးစံအတိုင်း စာရေးဆရာ ဆရာဝန်ဆိုတော့ ဆရာဝန်တွေဘက်က နည်းနည်း ရှေ့နေလိုက်ချင်တာဖြစ်သည်။ အထူးသဖြင့် အစိုးရဆေးရုံတွေမှာ အလုပ်လုပ်နေကြသော သားသမီးအရွယ် ဆရာဝန်လေးတွေနဲ့ ဆရာမလေးတွေ ဘက်ကပေါ့။

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုက ကောင်းနေလို့လားဟု မေးလျှင်တော့ လိုနေတာတွေများနေတုန်းပါပဲဟု ပွင့်ပွင့်လင်းလင်း ဝန်ခံရမည် ဖြစ်သည်။ ကျွန်တော်အလုပ်စဝင်သည့် လွန်ခဲ့သည့် ၃၂ နှစ်ကနှင့်စာလျှင် တော်တော်ကြီးကို တိုးတက်နေပြီဆိုတာ သေချာသော်လည်း သူများနိုင်ငံတွေတိုးတက်နှုန်းက သည့်ထက်အများကြီးမြန်နေသည်။ တောင်းဆိုမှုတွေကလည်း လွန်ခဲ့သည့် အနှစ် ၃၀ နှင့် ဘာမှမဆိုင်တော့။

စောစောကပြောသည့် အသက်ရှည်ရာ အနာမဲ့ကြောင်း ကိစ္စကိုပဲပြန်စဉ်းစားကြည့်လျှင် မြန်မာနိုင်ငံ၏ ပျမ်းမျှ လူ့သက်တမ်းက ယောကျ်ား ၆၄ ဒသမ ၆၂၊ မိန်းမ ၆၈ ဒသမ ၇ နှင့် ကမ္ဘာ့အဆင့် ၁၃၀ ရောက်နေသည်။ အဆင့်တစ်ဖြစ်သော ဂျပန်နှင့် ၁၅ နှစ်ကျော်ကွာနေသည်။ ဒေသတွင်းမှာလည်း ကိုယ့်ထက်နည်းတာ လာအိုလောက်ပဲကျန်သည်။

လူပြိန်းတွေးတွေးလျှင် နောက်ခုနစ်နှစ်မှာ ကျွန်တော်ပင်သေရတော့မလိုဖြစ်နေသည်။ တကယ်တော့ ဤကဲ့သို့မဟုတ်၊ အသက်ငယ်ငယ်နှင့် သေသူတွေများနေသဖြင့် ပျမ်းမျှခြင်းချလိုက်တော့ နိမ့်သွားတာဖြစ်သည်။

စိတ်ဝင်စားစရာကောင်းတာက ယခုနိမ့်ပါသည်ဆိုသော လူ့သက်တမ်းသည်ပင်လျှင် ကျွန်တော်တို့အဖေတွေ၊ အဘိုးတွေခေတ်က ယောကျ်ား ၅၅နှစ်လောက်ပဲရှိခဲ့တာနှင့်စာလျှင် မြင့်မားလာတာဖြစ်သည်။ အကြောင်းရင်းကတော့ ထိုအချိန်တုန်းက ဒုတိယကမ္ဘာစစ်မှာ သေသွားသူတွေများလွန်း၍ ဖြစ်သည်။ စစ်ဖြစ်လာလျှင် တိုက်ပွဲကျတာချည်း လူသေတာမဟုတ်၊ အရပ်သားလည်း

> **ကမ္ဘာ့နိုင်ငံတော်တော်များများက စနစ်တွေကို ထိတွေ့လေ့လာဖူးသူမို့ တကယ် အားနည်းနေတာက ဝန်ထမ်းတွေရဲ့ အရည်အသွေး မဟုတ်။ အရေအတွက် ဖြစ်သည်။ ပြီးတော့ Health Care Financing ခေါ် ကျန်းမာရေးအသုံးစရိတ် ထည့်ဝင်သုံးစွဲမှုစနစ်တစ်ရပ် ပီပီပြင်ပြင်ရှိလာဖို့ လိုနေတာရယ်၊ ဆေးရုံတစ်ခုချင်း၊ ဆေးတက္ကသိုလ် တစ်ခုချင်း၏ အုပ်ချုပ်မှုအဖွဲ့များက မိမိဘာသာမိမိ စီမံခန့်ခွဲဆောင်ရွက်သော Autonomy စနစ်တစ်ရပ် ပီပီပြင်ပြင်ရှိလာဖို့လို. . .**

သေနိုင်သည်။ ကျန်းမာရေးစောင့်ရှောက်မှု မခံရတာတွေ၊ အာဟာရချို့တဲ့တာတွေရှိနိုင်သည်။ ထို့ကြောင့်ပျမ်းမျှ လူ့သက်တမ်းရှည်ချင်လျှင် ငြိမ်းချမ်းရေးရဖို့ လိုသည်။ ဂျပန်တွေအသက်ရှည်တာ အဆန်းမဟုတ်။ ပထမအချက်က ငြိမ်းချမ်းရေးရရမည်။

ဒုတိယအချက်အနေဖြင့် စာရင်းဇယားတွေမှန်ကန်တိကျဖို့လိုသည်။ နိုင်ငံတွင်း လူဦးရေတောင် သုံးမျိုးထွက်၍ ဂဏန်းသုံးမျိုးထွက်သည့် ခေတ်တွေတောင် ကျွန်တော်တို့ကြုံရဖူးသည်။ စားခြေကိန်းက ပြောင်းပြောင်းနေတော့ လူ့သက်တမ်းက တိုလိုက်ရှည်လိုက်။ ယခုထက်ထိလည်း ငြင်းနေရတုန်း။

တတိယအနေဖြင့်တော့ ကလေးဆရာဝန်ပီပီ ငါးနှစ်အောက်ကလေးသေနှုန်းကို အရေးကြီးသည်ဟု ပြောချင်သည်။ ငါးနှစ်နှင့် တစ်ယောက်သေ၊ ၆၅ နှစ်မှာ တစ်ယောက်သေလျှင် နှစ်ယောက်ပေါင်း ပျမ်းမျှ လူ့သက်တမ်းက ၃၅ နှစ် ဖြစ်မှာလေ။ ခက်တာက ငါးနှစ်အောက်ကလေးသေဆုံးမှု၏ ထက်ဝက်နီးနီးက အာဟာရမပြည့်ဝမှုနှင့်။ တစ်နည်းအားဖြင့် ဆင်းရဲနွမ်းပါးမှုနှင့် တွဲဖက်နေလေတော့ ထင်သလောက်လွယ်လှသော ပြဿနာတော့မဟုတ်။

ငါးနှစ်အထက် ကျောင်းနေသည့်အရွယ်ကလေးတွေ သေဆုံးမှုကျတော့ Road Traffic Accident ခေါ် လမ်းပေါ်က ယာဉ်တိုက်မှုပညာတွေဝင်လာပြီ။ တည့်တည့်ပြောရလျှင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကိုင်တွယ်မှု အားကောင်းရမည်။ လမ်းလျှောက်မည့် ကလေးလူငယ် လူကြီးအားလုံးအတွက် ဘေးကင်းလုံခြုံသော လျှောက်လမ်း ရှိရမည်။ ဒါက စတုတ္ထအချက်။

ပဉ္စမအချက်အနေဖြင့် ကူးစက်ရောဂါတွေကို စဉ်းစားကြပါစို့။ ကာကွယ်ဆေးထိုး လွှမ်းခြုံမှုအားကောင်းရမည်။ လေထု၊ ရေ၊ လက်၊ အိမ်သာ အားလုံး သန့်ရှင်းရမည်။ ခြင်နှိမ်နင်းရမည်။ ဒါတွေအားလုံး အပြောလွယ်သလောက် လက်တွေ့ခက်နေသည်။ နိုင်ငံ့စီးပွားရေး၊ ပညာရေး လူမှုရေးတွေနှင့် ဆက်နွှယ်နေသည်။

ကူးစက်ရောဂါမဟုတ်သည့် သွေးတိုး၊ ဆီးချို၊ နှလုံး၊ လေဖြတ်၊ ကင်ဆာစသည်တို့ကို ဆဋ္ဌမအချက်ထားကြပါစို့။ အဲဒါတွေက လူနေမှုပုံစံတွေနှင့် ဆက်စပ်နေသည်။ ကျန်းမာသော အစားအသောက်ပုံစံ၊ အစားအသောက်တို့၏ အရည်အသွေး၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ တီဗွီထိုင်ကြည့်ချိန်၊ ဖုန်းပွတ်ချိန်များနေမှု၊ ကလေးတွေ ကျောင်းတွေ၊ ကျူရှင်တွေမှာ စာထိုင်သင်နေရသည့် အချိန်တွေများနေမှု၊ လေ့ကျင့်ခန်း လုပ်ချိန်ရော၊ လေ့ကျင့်ခန်း လုပ်စရာ

## လက်ာရှည်ကျော်

နေရာရော လုံလုံလောက်လောက်ရှိပြီလား။ သည်မေးခွန်းတွေကို ဖြေနိုင်ဖို့ ကျွန်တော့်မှာ ဘာကိန်းဂဏန်းမှ မရှိပါ။ ဘယ်မှာသွားတောင်းရမှန်းလည်း မသိပါ။ အရက်၊ ဆေးလိပ်၊ ကွမ်းယာ ထိန်းချုပ်မှုရော ဘယ်လောက်အားကောင်း နေပါပြီလဲ။

ဤခြောက်ချက်ကျိုးပေါက်၍ ရောဂါတွေဖြစ်မှ လူတွေက ဆေးရုံ၊ ဆေးခန်းရောက်လာကြမှာပါ။

ဆေးရုံ၊ ဆေးခန်းတွေက နောက်ဆုံးခံတပ်ပါ။ အဲဒါတွေ အားနည်းပါသည်ဟုထင်လျှင် ရှေ့ကဟာတွေ ဘယ်လောက်အားကောင်းနေပြီလဲ၊ အရင်သုံးသပ်ကြည့်ကြပါစို့။


ဆေးရုံ၊ ဆေးခန်းတွေမှာလည်း အားနည်းချက်တွေရှိတာအမှန်။ သို့သော် ကမ္ဘာ့နိုင်ငံတော်တော်များများက စနစ်တွေကို ထိတွေ့လေ့လာဖူးသူမို့ တကယ်အားနည်းနေတာက ဝန်ထမ်းတွေရဲ့ အရည်အသွေးမဟုတ်။ အရေအတွက် ဖြစ်သည်။ ပြီးတော့ Health Care Financing ခေါ် ကျန်းမာရေးအသုံးစရိတ်ထည့်ဝင်သုံးစွဲမှုစနစ်တစ်ရပ် ပီပီပြင်ပြင်ရှိလာဖို့ လိုနေတာရယ်၊ ဆေးရုံတစ်ခုချင်း၊ ဆေးတက္ကသိုလ်တစ်ခုချင်း၏ အုပ်ချုပ်မှုအဖွဲ့များက မိမိဘာသာမိမိ စီမံခန့်ခွဲဆောင်ရွက်သော Autonomy စနစ်တစ်ရပ် ပီပီပြင်ပြင်ရှိလာဖို့ လိုနေတာရယ်ဖြစ်သည်ဟု နံပါတ်ခုနစ်အချက်အနေနဲ့ ထည့်ချင်ပါတယ်။

ဖြစ်တော့လည်း ဖြစ်လာမှာပါ။ မဖြစ်လာသေးခင်ကာလမှာတော့ လက်တွေ့ခံစားနေရတဲ့ လူနာတွေအတွက်က သူတို့ရှေ့မှာမြင်နေရသော ဆရာဝန်၊ ဆရာမတွေကိုပဲ အပြစ်မြင်တတ်ကြတာလည်း သဘာဝပါပဲ။

ခက်တာက ဆရာဝန်၊ ဆရာဝန်မတွေကလည်း ပြည်သူတွေထဲက ပြည်သူတွေပဲဆိုတော့ အဆင်မပြေတာရှိလျှင် သူတို့လည်း ခံစားရတာပါပဲ။

ရွှေဟင်္သာဆရာတော်ဘုရားကြီးကတော့ ဟောဖူးသည်။ ကျန်းမာချင်လျှင် နည်းနည်းစား၊ များများလှုပ်ရှား၍ စိတ်ကို ကြည်လင်အောင်ထားတဲ့။

အဆင်မပြေမှုတွေများစွာနှင့် စိတ်တိုနေကြသော ကျွန်တော်တို့တစ်တွေကတော့ များများစား၊ နည်းနည်းလှုပ်ရှား ဒေါသကြီးနေကြ၍ အသက်ရှည်ရာ အနာမဲ့ကြောင်းနှင့်ဝေးနေကြသေးသလား မပြောတတ်ပါ။ ။




# သမဝါယမတက္ကသိုလ်(သန်လျင်)တွင် Internship and Job Fair 2019 ကျင်းပ

**ရန်ကုန် ဩဂုတ် ၆**

သမဝါယမတက္ကသိုလ် (သန်လျင်)တွင် Internship and Job Fair 2019 ကို ယနေ့ နံနက် ၁၀ နာရီက ဥတ္တရဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဦးတင်သိန်းက သမဝါယမ တက္ကသိုလ်(သန်လျင်) သင်တန်းကျောင်းနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ UAB Bank၊ FNI၊ DKSH၊ Win Cherry နှင့် J-SAT General Services ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များက ၎င်းတို့ကုမ္ပဏီနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများ၊ အနာဂတ်ရည်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(စီမံ)၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဘဏ်နှင့် ကုမ္ပဏီအဖွဲ့အစည်း ၁၃ ခုမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကျောင်းသား ကျောင်းသူ ၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပညာရပ်ဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်ပညာရှင်များ၊ UN၊ INGO နှင့် NGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အမျိုးသားအဆင့်ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနားနှင့် မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာဖိုရမ်သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**✻ ကျောဖုံးမှ**

အခမ်းအနားတွင် **ဒုတိယသမ္မတက** ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် အမျိုးသားအဆင့်ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနားနှင့် မြေငလျင်အန္တရာယ်ကြောင့် ပျက်စီးမှုများနှင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ကျင်းပသည့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာဖိုရမ် ဖြစ်ပါကြောင်း၊ မြေငလျင်လှုပ်ခြင်းသည် အခြားသော သဘာဝဘေးအန္တရာယ်များကဲ့သို့ ကြိုတင်ခန့်မှန်း၍မရနိုင်ဘဲ မြေငလျင်၏ ပြင်းအား၊ မြေငလျင်ဒဏ်ခံရသည့်ဒေသ၏ ထိခိုက်လွယ်မှုအပေါ်မူတည်၍ ပျက်စီးဆုံးရှုံးမှုပမာဏ များပြားနိုင်ပါကြောင်း။

**ကြိုတင်ပြင်ဆင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်ရေး ဆောင်ရွက်**

မကြာသေးမီကာလအတွင်း မြန်မာနိုင်ငံတွင် လှုပ်ခဲ့သည့် ငလျင်လှုပ်ခတ်မှုဖြစ်စဉ်များကို ပြန်ကြည့်မည်ဆိုလျှင် ၂၀၁၁ ခုနှစ် တာလေငလျင်၊ ၂၀၁၂ ခုနှစ် သပိတ်ကျင်းငလျင်၊ ၂၀၁၆ ခုနှစ် **ဧပြီလ**က ကလေးမြို့အနီး ဗဟိုပြုလှုပ်ခဲ့သည့် ငလျင်နှင့် ဩဂုတ်လအတွင်း ချောက်မြို့အနီး လှုပ်ခတ်ခဲ့သည့် မြေငလျင်များကြောင့် လူ့အသက်အိုးအိမ် အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရရုံမျှမက တန်ဖိုးမဖြတ်နိုင်သည့် ပုဂံရှေးဟောင်းအမွေအနှစ် ဘုရား၊ စေတီပုထိုးအချို့ ပြိုကျပျက်စီးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အနီးစပ်ဆုံးဖြစ်ပွားခဲ့သည့် ငလျင်များကို ပြန်ကြည့်မည်ဆိုပါက ဩဂုတ် ၂ ရက်တွင် မော်လိုက်မြို့အရှေ့တောင်(၁၃)မိုင်အကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့သည့် ၄ ဒသမ ၇ ရစ်ချက်စတာစကေးရှိသည့် မြေငလျင်၊ ဩဂုတ် ၃ ရက်တွင် မိုးညှင်းမြို့ အရှေ့မြောက် (၉)မိုင်အကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့သည့် ၃ ဒသမ ၅ ရစ်ချက်စတာစကေးနှင့် ဆင်ဘိုမြို့ အရှေ့မြောက် (၂၈)မိုင်အကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့သည့် ငလျင်များဖြစ်ပါကြောင်း။

ငလျင်ဘေးအန္တရာယ်သည် အခြားမီးဘေး၊ ရေဘေး၊ လေဘေး စသည့် ဘေးအန္တရာယ်များကဲ့သို့ မကြာခဏ ဖြစ်ပွားလေ့မရှိသည့်အတွက် အများစု အနေဖြင့် ငလျင်ဘေးအန္တရာယ်ကို မေ့လျော့ပေါ့ဆနေတတ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်ကြီးများအနက် ရေရှည်တွင် ငလျင်ဘေးအန္တရာယ် အကြီးမားဆုံးဖြစ်မည်ဟု ပညာရှင်များယူဆထားကြသည်ကိုလည်း သိရှိရပါကြောင်း၊ မိမိတို့အနေဖြင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်ရေးနည်းလမ်းများကို ကြိုတင်ပြင်ဆင်အကောင်အထည်ဖော် ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

**ပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်**

ကြိုတင်ပြင်ဆင်ရေးနှင့်ပတ်သက်၍ မဟာဗျူဟာများနှင့် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်းခြင်း၊ ပြည်သူလူထုအတွင်း ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တစ်ဦးတည်း၊ တစ်ဖွဲ့တည်းဆောင်ရွက်၍ မရနိုင်သဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ရွာလူထုများနှင့် အားလုံးသော ပါဝင်ပတ်သက်သူများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် မေ ၁၅ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ (၁/၂၀၁၈)အစည်းအဝေးတွင် အချိန်ခါမရွေးဖြစ်ပေါ်လာနိုင်သည့် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျဖြစ်အောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့များအနေဖြင့် အစီအမံများကြိုတင်ချမှတ်ထားကြရန်၊ ငလျင်ဘေးတုံ့ပြန်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ Earthquake Response Plan များ ရေးဆွဲကြရန်နှင့် Standard Operating Procedure -SOP များ ရေးဆွဲထားကြရန်၊ ပြည်သူများအနေဖြင့်လည်း ဘေးအန္တရာယ်ဖြစ်ပွားလာပါက ဦးစွာတုံ့ပြန်မှုလုပ်ငန်းများကို စနစ်တကျ ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်ရန်၊ ငလျင်ဘေးနှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများ အကြိမ်ရေများများပြုလုပ်ထားရန်၊ ငလျင်ပြတ်ရွေ့ကြောပေါ်တွင် တည်ရှိသည့် မြို့ရွာများကို လေ့လာဆန်းစစ်မှုများပြုလုပ်၍ လိုအပ်သည့်အစီအမံများ ဆောင်ရွက်ထားကြရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ ကြိုတင်ခန့်မှန်း၍ မရနိုင်သည့် ငလျင်ဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်ရေးနှင့် အမြဲအဆင်သင့်ဖြစ်နေစေရေးသည် အလွန်အရေးကြီးသည့်အတွက် ငလျင်ဘေးကြိုတင်ဆောင်ရွက်ထားရှိမှုများကို ဆန်းစစ်ကြရန် လိုအပ်ပါကြောင်း။

**ထည့်သွင်းစဉ်းစားရမည့်အချက်များကို ဖော်ပြထား**

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် Earthquake Forum များကို ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါဖိုရမ်များတွင် ပညာရှင်များနှင့် သက်ဆိုင်ရာဌာနများမှ မြန်မာနိုင်ငံအပေါ် ငလျင်ဘေးအန္တရာယ်သက်ရောက်နိုင်မည့် အခြေအနေများနှင့် ဘေးအန္တရာယ်လျော့ပါးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး လူမှုရေးအဖွဲ့အစည်းများ၊ စိတ်ပါဝင်စားသူ ပြည်သူများအပါအဝင် တက်ရောက်လာသူများအားလုံးက ငလျင်ဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်သင့်သည့် အစီအမံများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဖော်ထုတ်ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားအဆင့်ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်ကို ၂၀၁၇ ခုနှစ်ကစတင်၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး ဆက်နွှယ်ပတ်သက်သည့် ဌာနများ၊ အဖွဲ့အစည်းများနှင့်ဆွေးနွေးခြင်း၊ ဝန်ကြီးဌာနအသီးသီးသို့ သဘောထားမှတ်ချက်တောင်းခံခြင်းနှင့် လိုအပ်သလို ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ပြီး Final Version အဖြစ် ပြုစုပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံချက်တွင် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း၊ သတင်းအချက်အလက်စီမံခန့်ခွဲခြင်း၊ အရင်းအမြစ်များနှင့် ရန်ပုံငွေများ ပြန်လည်ထူထောင်ရေးအဆင့်သို့ ကူးပြောင်းခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို ဖော်ပြထားပါကြောင်း။

ထို့ကြောင့် ယနေ့အခမ်းအနားတွင် အတည်ပြုဖြန့်ချိသည့် အမျိုးသားအဆင့်ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် သေချာစွာလေ့လာဖတ်ရှုပြီး လိုအပ်သလို ရည်ညွှန်းအကောင်အထည်ဖော်ကြရန် အရေးကြီးပါကြောင်း၊ သို့မှသာ ငလျင်ဘေးကြောင့် အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးရပ်တန့်စေနိုင်မည့် အခြေအနေများကိုလည်း လျော့နည်းစေနိုင်မည်ဖြစ်ပါကြောင်း။

**ဟန်ချက်ညီညီ ချိတ်ဆက်ပူးပေါင်း**

အခမ်းအနားသို့ တက်ရောက်လာကြသူများအနေဖြင့် အကြံပြုချက်များကို အချင်းချင်း အသိအမြင်ဖလှယ်ခြင်းဖြင့် နိုင်ငံအတွင်း ငလျင်ဘေးအန္တရာယ် ဖြစ်နိုင်ခြေနှင့်ပတ်သက်၍ ပိုမိုသတိပြုမိလာမည်ဖြစ်ပါကြောင်းနှင့် ငလျင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များအတွက် နည်းပညာပိုင်းဆိုင်ရာ၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၊ လက်တွေ့အကောင်အထည်ဖော်မှုပိုင်းဆိုင်ရာ အားသာချက် အားနည်းချက်များအပေါ် သုံးသပ်၍ အားလုံးဟန်ချက်ညီညီ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အစီအမံများကို ဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် UN Resident and Humanitarian Coordinator (ai) , Mr. Knut Ostby က အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသားအဆင့်ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်ရေးဆွဲမှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ**သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဆွေးနွေး**

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး** ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းသူ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးမင်းထွေးတို့က **ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအတွက် လက်ရှိဆောင်ရွက်ထားရှိမှုများ**ကို လည်းကောင်း၊ **ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်** ဦးဆောင်၍ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိဏ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြမိုးဝင်း၊ မြန်မာနိုင်ငံ မြေငလျင်ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးလုပ်ငန်းအဖွဲ့မှ ဒေါ်လတ်လတ်အေးတို့က **ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ**ကိုလည်းကောင်း ဆွေးနွေးကြသည်။

**သတင်းစဉ်**

**◆ အာဆီယံ ယူ-၁၈ ပြိုင်ပွဲမှ**

အနိုင်ရလဒ်ကြောင့် အခွင့်အရေး ပိုကောင်းသွားခဲ့သည်။

နိုင်ငံတကာပြိုင်ပွဲများနှင့် ခြေစမ်းပွဲများတွင် အသုံးပြုခဲ့သည့် အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသည့် မြန်မာအသင်းသည် ပထမပိုင်းတွင် ကစားပုံပိုကောင်းသလို လာအိုဂိုးပေါက်ကိုလည်း ခြိမ်းခြောက်နိုင်ခဲ့သည်။ မိနစ် ၃၀ တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး အောင်ကိုဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းလာပြီး ၃၇ မိနစ်တွင် ဝေယံစိုးက ပြစ်ဒဏ်ဘောမှတစ်ဆင့် ဒုတိယဂိုးသွင်းယူခဲ့သည်။ ၄၈ မိနစ်တွင် လာအိုအသင်း ချေပဂိုးပြန်ရခဲ့ပြီး ယင်းဂိုးကြောင့် မြန်မာအသင်း လက်ကျန်မိနစ်များတွင် ရုန်းကန်ခဲ့ရသည်။

မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားပုံပျက်သွားပြီး ရသင့်သည့်ဂိုးသွင်းခွင့်များလည်း အသုံးမချနိုင်ခဲ့ပေ။ ၈၂ မိနစ်တွင် လာအိုအသင်းမှ ကစားသမားတစ်ဦး အနီကတ်ဖြင့် ထုတ်ပယ်ခံရ၍ မြန်မာအသင်း တစ်ယောက်အသာရသွားပြီး မိနစ် ၉၀ တွင် ဇော်ဝင်းသိန်းက တတိယဂိုး သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ လာအိုတို့နှင့် အုပ်စု (က) တွင် ကျရောက်နေပြီး ဒုတိယပွဲအဖြစ် ဩဂုတ် ၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်မှတောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အမျိုးသားလွှတ်တော်မှ တောင်သူလယ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်

**နေပြည်တော် ဩဂုတ် ၆**

ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများဆွေးနွေးပွဲ အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ "ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးအတွက် လက်ရှိဆောင်ရွက်ထားမှုများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်းကဏ္ဍတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက Chair အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က Co-Chair အဖြစ်လည်းကောင်း ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးအေးမင်းသူ၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးမင်းထွေးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။




**ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမား**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ငလျင်ဘေးအန္တရာယ်မှာ ကြိုတင်ခန့်မှန်း၍မရဘဲ ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ဘေးအန္တရာယ်ဖြစ်ကြောင်း၊ ဖြစ်လျှင် ပြည်သူများ ခံစားရမည်ဖြစ်ကြောင်း၊ ခံစားရခြင်းထက် ခံနိုင်ရည်ရှိအောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ရေးသည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်၍ အသိနှင့်သတိရှိရန် လိုအပ်ကြောင်း၊ ပြည်သူများကို ကျယ်ပြန့်စွာ အသိပညာပေးရန်လိုအပ်ကြောင်း၊ ဒေသအလိုက် ထိခိုက်ပျက်စီးနိုင်သည့် အခြေအနေများကို သတိပြု၍ ကြိုတင်ပြင်ဆင်မှုများ စနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် ရေးဆွဲထုတ်ပြန်ထားပြီး လက်ရှိကြိုတင်ပြင်ဆင်ထားမှုများနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ရာ သုံးသပ်အကြံပြုချက်များ ရယူလိုပါကြောင်း အဖွင့် ဆွေးနွေးပြောကြားသည်။

**သုတေသနလုပ်ငန်းများဆောင်ရွက်**

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံများ၏ မြေငလျင်အန္တရာယ်ဖြစ်နိုင်မှု အခြေအနေများကို ဆန်းစစ်ဖော်ထုတ်ချက်များ၊ အဆောက်အအုံများအား Building Code နှင့်အညီ ဆောက်လုပ်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ယခုထက်ပိုမိုအင်အား တောင့်တင်းလာရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူလူထုကို အသိပညာပေးထားရှိမှု၊ ဆောင်ရွက်လျက်ရှိသော Earthquake Forum များ၊ ငလျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ခန်းဆောင်ရွက်မှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးတို့အတွက် လူအင်အား၊ ပစ္စည်းအင်အား စုဖွဲ့ထားရှိမှု အခြေအနေများ၊ ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

**ငလျင်ဖြစ်နိုင်ခြေဒေသများ ဖော်ထုတ်**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းသူက မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဖြစ်နိုင်ခြေဒေသများဖော်ထုတ်မှု၊ ထိခိုက်နိုင်ခြေမြင့်မားသည့်နေရာများတွင် အသိပညာပေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်မှု၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေများ၊ ငလျင်တုံ့ပြန်ဆောင်ရွက်မှုအား တပ်ဖွဲ့အဆင့် လက်တွေ့လေ့ကျင့်သည့် အခြေအနေများ နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များ၏ အခြေအနေများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများကို ဆွေးနွေးသည်။

ယင်းနောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်းက မီးသတ်ဦးစီးဌာနအနေဖြင့် တာဝန်ခွဲဝေဆောင်ရွက်နေမှု၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားမှုအခြေအနေ၊ လက်တွေ့သရုပ်ပြလေ့ကျင့်ထားရှိမှု အခြေအနေများကို အပိုင်း(၃)ပိုင်းခွဲခြား၍ ရှင်းလင်းတင်ပြသည်။

**ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးမင်းထွေးက မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် ငလျင်ဘေးနှင့် ဆူနာမီဘေးများအပေါ် လေ့လာသုံးသပ်မှုအခြေအနေ၊ ငလျင်ပြတ်ရွေ့ကြောများ တည်ရှိမှုအခြေအနေ၊ မြေငလျင်စခန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ မြေငလျင်ကော်မတီနှင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငလျင်ဆိုင်ရာ သုတေသနလုပ်ငန်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက အကြံပြုခြင်း၊ သုံးသပ်ဆွေးနွေးခြင်းနှင့် မေးခွန်းမေးမြန်းခြင်းများကို ပြုလုပ်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ကြသည်။

**ဆွေးနွေး**

ဆက်လက်၍ " ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က Chair အဖြစ်လည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးက Co-Chair အဖြစ်လည်းကောင်း ဆောင်ရွက်ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိဏ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြမိုးဝင်း၊ မြန်မာနိုင်ငံ ငလျင်ကော်မတီမှ ဒေါက်တာမျိုးသန့်နှင့် DRR Working Group မှ ဒေါ်လတ်လတ်အေးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။ ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြကာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းမှုနှင့် အကြံပြုချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယနေ့ကျင်းပသော အခမ်းအနားကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကကြီးကြပ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇွန်လအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဇွန်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၄ ဒသမ ၁၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၉ ဒသမ ၄၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၆၃ ဒသမ ၆၃ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၇၇ ဒသမ ၄၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၀၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၂၁ ဒသမ ၄၈ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဇွန်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၈၅ ဒသမ ၁၁သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ၈၅ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇွန်လအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၈၉၃ ဒသမ ၇၁သန်း ၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာအမေရိကန်ဒေါ်လာ ၅၆၉၇ ဒသမ ၃၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၉၁ ဒသမ ၀၅ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၂၉၃ ဒသမ ၃၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၃၉ ဒသမ ၅၂သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၆၃၂ ဒသမ ၈၈ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇွန်လအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၆၂၂၃ ဒသမ ၉၃ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၀၄၁ ဒသမ ၈၃ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရသည်။ **သတင်းစဉ်**

# ဝက်သေဆုံးမှုများဖြစ်ပေါ်ခဲ့သည့် ရှမ်းပြည်နယ် တာချီလိတ်ခရိုင်နှင့် မိုင်းလားအထူးဒေသများသို့ အာဖရိကဝက်အပြင်းဖျားရောဂါ ဖြစ်ပွားမှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးရန် အထူးအဖွဲ့များ စေလွှတ်ထား

**ရှမ်းပြည်နယ် တာချီလိတ်ခရိုင်အတွင်းနှင့် မိုင်းလားအထူးဒေသများတွင် ဝက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ထိုသို့သေဆုံးမှုများအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

တွေ့ဆုံမေးမြန်း- ရှင်မင်း
ဓာတ်ပုံ-ထိန်နန်နေ



ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း

**မေး။ ။ တာချီလိတ်ခရိုင်အတွင်းနဲ့ မိုင်းလားအထူးဒေသတွေမှာ ဝက်တွေသေဆုံးမှု ဖြစ်ပေါ်နေတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး လက်ရှိမှာ ဘာတွေဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ မိုင်းလားအထူးဒေသမှာ ဝက်တွေ ရောဂါဖြစ်နေတယ်လို့သတင်းရပါတယ်။ ကျွန်တော်တို့ဌာနက မိုင်းလားဒေသမှာ ရုံးခွဲရှိပါတယ်။ ဒီလို ရောဂါဖြစ်တယ်လို့ သတင်းရတော့ အာဖရိက ဝက်အပြင်းဖျားရောဂါလားဆိုတာကို စိစစ်ဖို့အတွက် မိုင်းလားအထူးဒေသက တာဝန်ရှိသူတွေကလည်း စာထွက်ထားတာရှိတယ်လို့ သိရှိရပါတယ်။ ဝက်နဲ့ ဝက်ထွက်ပစ္စည်းတွေကို မတင်သွင်းဖို့၊ မရောင်းချဖို့ ညွှန်ကြားချက်ထွက်ထားတယ်လို့သိရပါတယ်။ သေဆုံးမှု ရှိခဲ့ရင်လည်း စနစ်တကျဖျက်ဆီးဖို့ ညွှန်ကြားထားတယ်လို့ သိရပါတယ်။

ဒီလိုတွေ သိရှိရတဲ့အတွက် စစ်ဆေးဖို့အတွက် ကျွန်တော်တို့ဌာနကနေ အထူးအဖွဲ့တစ်ဖွဲ့ကို ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က စေလွှတ်ထားပြီးပါပြီ။ ဒီအဖွဲ့က မိုင်းလားဒေသထဲက ဝက်ခြံတွေမှာ Sample တွေ ရယူစစ်ဆေးနိုင်ဖို့ လုပ်ဆောင်နေကြပါပြီ။ အခုလောလောဆယ်တော့ Sample တွေ ကျွန်တော်တို့ဆီကို မရောက်လာသေးပါဘူး။ ရောက်လာပြီး Sample တွေ စစ်ဆေးပြီးရင် အာဖရိကဝက်အပြင်းဖျားရောဂါ ဟုတ်၊ မဟုတ်ကို ဓာတ်ခွဲခန်းမှာ စစ်ဆေးသွားမှာဖြစ်ပါတယ်။ စစ်ဆေးပြီး အာဖရိကဝက်အပြင်းဖျားရောဂါ ဖြစ်ပွားတယ်ဆိုရင် ပြည်သူတွေသိအောင် ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီမနက်မှာလည်း ပညာရှင်အဖွဲ့တစ်ဖွဲ့ကို မိုင်းလားဒေသကို ထပ်ပြီးလွှတ်လိုက်ပါပြီ။ မိုင်းလားဒေသက ဝက်တွေရဲ့အခြေအနေကို မြေပြင်ကွင်းဆင်းပြီး အချက်အလက်တွေ ကောက်ယူတာ၊ Sample တွေ ရယူတာတွေ ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုရင် ဒီရောဂါ ဖြစ်၊မဖြစ်ကို ဓာတ်ခွဲခန်းမှာသာ စစ်ဆေးပြီးမှ သိရှိနိုင်မှာဖြစ်ပါတယ်။ အထူးဒေသ(၂)နဲ့ အထူးဒေသ(၄)မှာ ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ ဒီဒေသတွေကို ပညာရှင်တွေလွှတ်ပြီး စိစစ်စစ်ဆေးမှုတွေ ဆောင်ရွက်ဖို့ ညှိနှိုင်းပြီးတော့ အထူးဒေသ(၄)နဲ့ အထူးဒေသ(၂)ကို ပညာရှင်တွေ လွှတ်လိုက်ပါပြီ။

တာချီလိတ်ခရိုင်အတွင်းမှာလည်း ဝက်တွေနေမကောင်းတာတွေဖြစ်တယ်လို့ သတင်းရရှိပါတယ်။ ဒါကြောင့် စနေနေ့က ရှမ်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဆောင်ပြီး ဖြစ်ပွားတယ်လို့ သံသယရှိတဲ့နေရာတွေ စိစစ်စစ်ဆေးနေပါတယ်။

ဒါနဲ့ပတ်သက်ပြီး သတင်းတွေဖော်ပြတာရှိပါတယ်။ သတင်းတွေထဲမှာ ဝက်တွေ ၁၀၀၀ လောက်သေတယ်၊ ၂၀၀၀ လောက်သေတယ်ဆိုပြီး ဖော်ပြကြတာရှိပါတယ်။ ဓာတ်ပုံတွေလည်း ဖော်ပြကြတာရှိပါတယ်။ သတင်းကတော့ ကြားတဲ့သတင်းကို ရေးကြတာဖြစ်ပါတယ်။ ဓာတ်ပုံတွေနဲ့ပတ်သက်ပြီး စုံစမ်းစိစစ်ကြည့်တဲ့အခါ တရုတ်နိုင်ငံကဖြစ်ပွားတဲ့ ဓာတ်ပုံကို သတင်းနဲ့တွဲပြီး ထည့်လိုက်တယ်လို့ သိရပါတယ်။ ပြီးတော့ တာချီလိတ်က သတင်းမှာလည်း လာအိုနိုင်ငံက ဖြစ်ပွားတဲ့ဓာတ်ပုံကို ထည့်ထားတာဖြစ်တယ်လို့ သိရပါတယ်။

ကျွန်တော်တို့ အဖွဲ့တွေအနေနဲ့ကတော့ ဖြစ်ပွားတဲ့ဒေသတွေကို သွားရောက်ကွင်းဆင်းနေကြပါပြီ။ ပြီးခဲ့တဲ့ နှစ်လလောက်ကတည်းက ကွင်းဆင်းတဲ့အခါ ဝက်တွေနေမကောင်းဖြစ်တာ ဟိုရှာနည်းနည်း၊ ဒီရှာနည်းနည်းနဲ့ ဝက်အကောင်ရေ ၁၀၀ လောက် ရှိတယ်လို့ သိရပါတယ်။ လတ်တလောမှာ နေမကောင်းဖြစ်တဲ့ဝက်ကို တိုက်ရိုက်မတွေ့သေးဘူး။ ဒီလို နေမကောင်းဖြစ်တဲ့ ဝက်ဆီကနေ Sample ယူပြီး စစ်ဆေးပြီးတော့ အတည်ပြုချက်နဲ့ ရောဂါအခြေအနေကို ထုတ်ပြန်ရမှာဖြစ်ပါတယ်။

၁၀၀၀ လောက်သေတယ်ဆိုတာ အတိအကျမဟုတ်ပါဘူး။ ကျွန်တော်တို့ဌာနကနေ ဒီဒေသတွေကို ကွင်းဆင်းတဲ့အခါ နှစ်လ၊ သုံးလအတွင်းမှာ သေတာ ၁၀၀ လောက်ရှိတယ်လို့ သိရတယ်။

**မေး။ ။ ရောဂါလက္ခဏာတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ရှင်းပြချင်တာရှိပါတယ်။ ယေဘုယျအားဖြင့် ဝက်တွေက ဘာရောဂါဖြစ်ဖြစ် ဒီလောက်တော့ သေဆုံးမှုရှိပါတယ်။ ဝက်တွေနဲ့ပတ်သက်ပြီး ဖြစ်ပွားတတ်တဲ့ ရောဂါတွေက ဝက်ဝမ်းသွားတာ၊ ဝက်အအေးမိတာ၊ ကိုယ်ခံအားကျဆင်းတာ ဒါမျိုးတွေနဲ့ သေဆုံးတာမျိုးရှိတယ်။ ရောဂါလက္ခဏာတွေက ဆင်တူတယ်။ ဒါကြောင့် ဓာတ်ခွဲခန်းမှာ စစ်ဆေးပြီးမှ ဟုတ်၊ မဟုတ်ဆိုတာ သိရှိရမှာဖြစ်ပါတယ်။ ဒီအတွက်ကိုလည်း အမြန်ဆုံးဆောင်ရွက်နေပါတယ်။

ရောဂါလက္ခဏာက တခြားရောဂါတွေနဲ့ ဆင်တူနေတယ်။ ဝက်တွေမှာ အနီကွက်ထွက်တာမျိုး၊ ဝမ်းသွားတာမျိုး၊ အန်တာမျိုး၊ တုန်ယင်နေတာမျိုးတွေ တွေ့နိုင်ပါတယ်။ ဒါပေမယ့် ဒီလက္ခဏာတွေက ဝက်တွေ ဖြစ်လေ့ဖြစ်ထရှိတဲ့ တခြားရောဂါလက္ခဏာနဲ့ ဆင်တူတယ်။

တာချီလိတ်နဲ့ မိုင်းလားဒေသကို စုစုပေါင်းအဖွဲ့သုံးဖွဲ့ စေလွှတ်ထားပါတယ်။ ပညာရှင်အဖွဲ့ နှစ်ဖွဲ့နဲ့ ဒေသကျွမ်းကျင်သူ တစ်ဖွဲ့ပါ။ ထပ်ပြီးတော့လည်း လွှတ်ဖို့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဒေသတွေက နယ်စပ်ဒေသတွေဖြစ်ပြီး တရုတ်၊ လာအိုတို့နဲ့ နီးတဲ့အတွက် ဖြစ်ပါတယ်။ ရောဂါဖြစ်ပွားနိုင်ခြေများတဲ့အတွက်လည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဖြစ်ပွားမှု ရှိ၊ မရှိကတော့ သေတဲ့အကောင်ဆီကနေ Sample ယူပြီး စမ်းသပ်လို့မရပါဘူး။ သေတဲ့အကောင်မှာက အခြားရောဂါတွေ အများကြီးဝင်ရောက်နေနိုင်တဲ့အတွက် တိကျတဲ့အဖြေကို မရနိုင်ပါဘူး။ ရှင်တဲ့အကောင်ဆီက Sample ယူပြီးစမ်းသပ်မှသာ သိရှိရမှာပါ။

လူကို မကူးစက်နိုင်ပေမယ့် ရောဂါဖြစ်တဲ့အသားကတော့ မစားသင့်ပါဘူး။ လူမှာ အန္တရာယ်မရှိနိုင်ပေမယ့် တကယ်လို့ စားခဲ့ရင် စားပြီးလွှင့်ပစ်တဲ့ အကြွင်းအကျန်တွေကနေ ကူးစက်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မွေးမြူရေးစနစ်မှာက စားကြွင်းစားကျန်တွေကို ကျွေးတာများပါတယ်။ ဒီကနေ ကူးစက်တာ များပါတယ်။ ဒါကြောင့် မွေးမြူရေးစနစ်မှာ အကြွင်းအကျန်တွေကို မကျွေးသင့်ဘူးဆိုတာကို ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ တကယ်လို့ မဖြစ်မနေကျွေးမယ်ဆိုရင် ပိုးသေအောင် ကျိုချက်ပြီး ကျွေးသင့်ပါတယ်။

ဒီရောဂါရဲ့ ထူးခြားချက်က အေးခဲအသားတွေ၊ ဝက်ပေါင်ခြောက်တွေ၊ ဝက်အူချောင်းတွေမှာ အကြာကြီးနေနိုင်ပါတယ်။ ဒီလို ရောဂါပိုးက မပျက်စီးလွယ်ဘဲ အကြာကြီးနေနိုင်တဲ့အတွက် တားဆီးရမှာ ရင်ဆိုင်ရတဲ့ အခက်အခဲတစ်ခုပါ။ ဒါကြောင့် တရုတ်နိုင်ငံက အေးခဲအသားတွေကို မြန်မာနိုင်ငံကို တင်သွင်းခွင့် မပြုတာဖြစ်ပါတယ်။ တကယ်လို့ ရောဂါဖြစ်ပွားရင် ဖြစ်ပွားတဲ့ဝက်ကို စနစ်တကျ မြေမြှုပ်သင့်ပါတယ်။ ဒီရောဂါက ကူးစက်မှုမမြန်ပေမယ့် ဖြစ်ပွားရင် သေဆုံးနိုင်ခြေ မြင့်မားတယ်။ ရောဂါအတွက် ကာကွယ်ဆေးမရှိဘူး။ ကုသဖို့ ဆေးမရှိသေးဘူး။

နယ်စပ်တွေမှာ ဖြစ်ပွားနိုင်မှု မြင့်မားတဲ့အတွက် နယ်စပ်တွေမှာ၊ လေဆိပ်တွေမှာ၊ ရေဆိပ်တွေမှာ တားဆီးတယ်။ ဒါက ကာကွယ်မှုတစ်ခုပါ။ အကယ်၍ ဖြစ်ပွားရင် အလျင်အမြန်ထိန်းနိုင်အောင် ကျွန်တော်တို့အနေနဲ့ လေ့ကျင့်ဆောင်ရွက်ထားရပါတယ်။ ခုနက ပြောခဲ့သလို မြို့နယ်အဆင့်အထိ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်ထားတယ်။ ဖြစ်ပွားတယ်ဆိုရင် ဘာလုပ်ကြမယ်ဆိုတာနဲ့ လိုအပ်တဲ့ပိုးသတ်ဆေးတွေကိုလည်း ဖြန့်ဝေထားပါတယ်။

**မေး။ ။ အရင်က မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့မှု ရှိခဲ့ပါသလား။**

ဖြေ။ ။ ရောဂါလက္ခဏာက တခြားရောဂါတွေနဲ့ ဆင်တူနေတယ်။ ဖြစ်၊ မဖြစ်ကိုတော့ ဓာတ်ခွဲစစ်ဆေးမှ သိရှိနိုင်တာ ဖြစ်ပါတယ်။ ဒါကြောင့် သံသယရှိတာနဲ့ နီးစပ်ရာ ကျွန်တော်တို့ ဌာနတွေ၊ ဒေသအာဏာပိုင်တွေဆီကို အကြောင်းကြားပေးပါ။ အကြောင်းကြားတာနဲ့ စိစစ်ပြီး ကာကွယ်တုံ့ပြန်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ ကျန်တဲ့ ဝက်ရောဂါတွေက ကာကွယ်ဆေးရှိပါတယ်။ ဒါကြောင့် ဝက်မွေးမြူရေးမှာ ကာကွယ်ဆေးတွေ ထိုးထားကြတယ်။ ဒီလိုထိုးတာတောင် ရောဂါဖြစ်ပွားရင် အာဖရိကဝက်အပြင်းဖျားရောဂါ ဖြစ်ပွားနိုင်ခြေများတယ်။ မြန်မာနိုင်ငံမှာက အရင်က ဖြစ်ပွားခဲ့မှု မရှိသေးပါဘူး။ အခု ဖြစ်ပွားမှု ရှိ၊ မရှိ အတည်မပြုနိုင်သေးပေမယ့် အထူးဂရုစိုက်ရပါမယ်။

**မေး။ ။ အခု ဝက်တုပ်ကွေးလို့လည်း ခေါ်နေကြပါတယ်။ ဘယ်လိုကွာခြားတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ Africa Swine Flu ကို အာဖရိက ဝက်အပြင်းဖျားရောဂါလို့ ခေါ်ပါတယ်။ ဝက်တုပ်ကွေးလို့ မခေါ်ပါဘူး။ တုပ်ကွေးဆိုတာက ကူးစက်မှုမြန်တဲ့ သဘော ဖြစ်ပါတယ်။ ဒီရောဂါကျတော့ တုပ်ကွေးလိုမျိုး မဟုတ်ပါဘူး။ သူက ကူးစက်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ကူးစက်ပြီးရင် ပျက်စီးဖို့ ရာခိုင်နှုန်းများပါတယ်။ ဒီရောဂါက လူကိုလည်း မကူးစက်နိုင်ပါဘူး။ ဝက်တွေမှာတော့ ဖြစ်ပွားတယ်ဆိုရင် ပျက်စီးမှုများနိုင်တယ်။ ဒီလိုပျက်စီးမှုတွေရှိရင် ဝက်မွေးမြူရေးလုပ်ငန်း ထိခိုက်မှုများနိုင်တယ်။ ဒါကြောင့် ဒီရောဂါဖြစ်ပွားမှာ စိုးရိမ်ပါတယ်။

**မေး။ ။ ဒီရောဂါအတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ပါသလား။**

ဖြေ။ ။ ဒီရောဂါက ၂၀၁၈ ခုနှစ်က အာရှဒေသ တရုတ်နိုင်ငံမှာ ဖြစ်ပွားတာရှိတယ်။ တရုတ်နိုင်ငံမှာ ဖြစ်ပွားကတည်းက မြန်မာနိုင်ငံနဲ့ နီးတဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ပါတယ်။ သက်ဆိုင်ရာ နယ်စပ်ဂိတ်တွေ၊ ဝင်ပေါက်၊ ထွက်ပေါက်အားလုံးမှာ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တယ်။ ပိုစတာတွေ ကပ်တာ၊ လက်ကမ်းစာစောင်တွေဖြန့်တာ ဒါတွေကိုလည်း ဆောင်ရွက်ခဲ့တယ်။ ပညာပေးလုပ်ငန်းတွေကို ဒေသဘာသာစကားတွေနဲ့လည်း ဆောင်ရွက်ခဲ့ပါတယ်။ လေဆိပ်၊ ရေဆိပ်တွေ အားလုံးမှာလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ဌာနက ဝန်ထမ်းတွေက မြို့နယ် ၃၃၀ မှာ ရှိပါတယ်။ ဒီဝန်ထမ်းတွေအားလုံးကို ဒီရောဂါနဲ့ပတ်သက်ပြီး ဖြစ်ပွားမှုရှိလာရင် ဘာတွေလုပ်ဆောင်ပေးရမယ်ဆိုတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို သင်တန်းပေးပြီးသားပါ။ သင်တန်းပေးရုံတင်မကဘဲ ဖြစ်ပွားမှုသဏ္ဌာန်တူ လေ့ကျင့်ခန်းတွေကိုပါ လေ့ကျင့်ဆောင်ရွက်ပြီးသားပါ။

ကျွန်တော်တို့အနေနဲ့ ရောဂါဖြစ်ပွားနိုင်မှု မြင့်မားတဲ့နေရာဒေသတွေမှာ စူးစမ်းထောက်လှမ်းမှုတွေ လုပ်နေတာရှိပါတယ်။ ဒီရောဂါနဲ့ပတ်သက်ပြီး ဥပဒေအရ အရေးကြီးရောဂါ(ခ)အဆင့်ကနေ(က)အဆင့်ဆိုပြီး ပြောင်းလဲသတ်မှတ်ခဲ့တာလည်း ရှိပါတယ်။ ရောဂါဖြစ်ပွားမှုရှိရင် လုပ်ငန်းစဉ်တွေ ဆောင်ရွက်တဲ့အခါ လွယ်ကူစေဖို့ ဒေသအာဏာပိုင်တွေ၊ လူမှုအဖွဲ့အစည်းတွေကိုပါ လုပ်ငန်းစဉ်ဆောင်ရွက်မှုအဆင့်ဆင့်ကို ရှင်းပြခဲ့ပါတယ်။ ဒီရောဂါစစ်ဆေးဖို့အတွက် စစ်ဆေးတဲ့လုပ်ငန်းစဉ်အတွက်လည်း ပြင်ဆင်ထားပြီးသားပါ။ ဒီလိုစစ်ဆေးတဲ့နေရာမှာ နိုင်ငံတကာစံနှုန်းနဲ့အညီ စစ်ဆေးအတည်ပြုနိုင်ဖို့အတွက် ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်မှာရှိတဲ့ ဓာတ်ခွဲခန်းတွေက ဝန်ထမ်းတွေကိုလည်း လေ့ကျင့်သင်ကြားပေးပြီး ဖြစ်ပါတယ်။

ဒီရောဂါနဲ့ပတ်သက်ပြီး လေဆိပ်တွေမှာလည်း အထူးသဖြင့် မန္တလေးနဲ့ နေပြည်တော်လေဆိပ်မှာ ဝက်နဲ့ ဝက်ထွက်ပစ္စည်းတွေကို တားမြစ်ထားပါတယ်။ တွေ့ရင် သိမ်းဆည်းဖျက်ဆီးပါတယ်။ မယူရဘူးဆိုတာကိုလည်း အရင်ကတည်းက အမိန့်ထုတ်ပြီးသားပါ။ တာချီလိတ်နဲ့ မိုင်းလားဒေသမှာ စစ်ဆေးတွေ့ရှိတာတွေကိုလည်း ပြည်သူတွေသိရှိအောင် ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်ကပဲ အာဖရိကဝက်အပြင်းဖျားရောဂါ ဖြစ်ပွားရင် ဘယ်လိုအလျင်အမြန်ဆောင်ရွက်ရမယ်ဆိုတာ သင်တန်းပေးခဲ့ပါတယ်။ ရောဂါဖြစ်ပွားတယ်လို့ သတင်းရပြီးတော့ ကွင်းဆင်းသွားရောက်တဲ့အခါ ဖြစ်ပွားမှုက မရှိတော့ဘဲ သတင်းပဲကျန်ခဲ့တာမျိုး ရှိပါတယ်။ ဒါကြောင့် ဖြစ်ဖြစ်ချင်း ကွင်းဆင်းနိုင်ဖို့အတွက် တိရစ္ဆာန်တွေနဲ့ပတ်သက်ပြီး ရောဂါဖြစ်ပွားမှုကို ချက်ချင်းသိရှိစေနိုင်ဖို့ သတင်းကွန်ရက်တစ်ခုကို တည်ထောင်သွားမှာပါ။ အခု တာချီလိတ်အတွက်တော့ နည်းနည်းနောက်ကျသွားတယ်၊ သတင်းကြားပေမယ့် လက်တွေ့ကွင်းဆင်းတဲ့အခါ ချက်ချင်း နမူနာမရခဲ့ပါဘူး။

**မေး။ ။ ပြည်သူတွေသိရှိဖို့ ဖြည့်စွက်ပြောကြားပေးပါ။**

ဖြေ။ ။ အာဖရိက ဝက်အပြင်းဖျားရောဂါက လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်လောက်ကတည်းက ဖြစ်ပွားတာပါ။ ဒါပေမယ့် သူတို့ဆီမှာက ကျယ်ကျယ်ပြန့်ပြန့် မဖြစ်ပွားဘူး။ အခု အာရှတိုက်ဘက်ကို ကူးစက်လာတယ်။ အာရှတိုက်က မွေးမြူရေးလုပ်ငန်းများတော့ ဖြစ်ပွားမှုများတယ်။ ဒီရောဂါက ကာကွယ်ကုသဆေးမရှိသေးတဲ့အတွက် သတိထားရပါတယ်။ ပြီးတော့ ကျန်တဲ့ရောဂါတွေ ကာကွယ်နိုင်အောင်လည်း ကာကွယ်ဆေးထိုးရမှာဖြစ်ပါတယ်။ လူကို မကူးစက်နိုင်ပေမယ့် စားသုံးဖို့အတွက် ကျွန်တော်တို့ တားမြစ်ပါတယ်။ ဒီရောဂါကို ကာကွယ်နိုင်ဖို့အတွက် သန့်ရှင်းသပ်ရပ်တဲ့ မွေးမြူရေးစနစ်ကို ထူထောင်ဖို့က အရေးကြီးပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းဝိုင်းအနီး ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးအတွက် ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ မြောက်မင်းဆီ သာသနာပြုကျောင်းမှ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဘန(ဆူးဆန်းလီ)မှ အလှူငွေကျပ်သိန်း ၇၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အလှူငွေများ လက်ခံရယူခဲ့သည်။

အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



## ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများလှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး တည်ထားကိုယ်ကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် (ဆဋ္ဌမအကြိမ်) အလှူတော်ငွေပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပမည်ဖြစ်သည်။

**လာရောက်လှူဒါန်းနိုင်**

သို့ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အဆိုပါနေ့ရက်တွင်လာရောက် လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အဖွဲ့ UN Convention on International Settlement Agreements သို့ တက်ရောက်ရန်ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၆**

စင်ကာပူသမ္မတနိုင်ငံ၌ ဩဂုတ် ၇ ရက်တွင် ကျင်းပမည့် United Nations Convention on International Settlement Agreements လက်မှတ်ရေးထိုးပွဲ အခမ်းအနားနှင့် High-Level Conference on Mediation and International Dispute Resolution တို့သို့ တက်ရောက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ UN Convention အခမ်းအနားအား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဥပဒေဆိုင်ရာ ကုလသမဂ္ဂ ကော်မရှင် United Nations Commission on International Trade Law (UNCITRAL) နှင့် စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနတို့မှ ပူးပေါင်း စီစဉ်ကျင်းပခြင်းဖြစ်ပြီး အဆိုပါ အခမ်းအနားသို့ နိုင်ငံပေါင်း ၅၀ မှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






# တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံဂျူဒိုပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ


**ရန်ကုန် ဩဂုတ် ၆**

တက္ကသိုလ် ဂျူဒိုဆပ်ကော်မတီမှ ကြီးမှူး၍ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၁၉ ခုနှစ် ပထမအကြိမ် တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းတို့က တံခွန်စိုက်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

**ဝင်ရောက်ယှဉ်ပြိုင်**

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှုဖြင့် တက္ကသိုလ်ပေါင်းစုံ အားကစားကော်မတီက ကျင်းပသော ပထမအကြိမ်တက္ကသိုလ်ပေါင်းစုံ ဂျူဒိုပြိုင်ပွဲကို ဩဂုတ် ၅ ရက်မှ ၆ ရက်အထိ ပြိုင်ပွဲပွဲစဉ်များအလိုက် ကျင်းပခဲ့ရာ တက္ကသိုလ်အသင်း ၁၀ သင်းမှ အားကစား မောင်မယ် ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကရင်ပြည်နယ် ဘားအံတက္ကသိုလ်မှ တံခွန်စိုက်ဆု ပထမ၊ ဒဂုံတက္ကသိုလ်မှ တံခွန်စိုက်ဆု ဒုတိယ၊ ရန်ကုန်တက္ကသိုလ်မှ တံခွန်စိုက်ဆု တတိယ အသီးသီးရရှိကြကြောင်း သတင်းရရှိသည်။

**စောသိန်းဝင်း**




## ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်

**နေပြည်တော် ဩဂုတ် ၆**

ယနေ့နံနက် ၄ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးစင်တီမီတာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း နှစ်ပေခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# မြဝတီမြို့၌ သောင်ရင်းမြစ်ရေ ပထမအကြိမ်ထက် ပိုမိုမြင့်တက်၊ ရေဘေးရှောင်စခန်းနှစ်ခု ထပ်မံဖွင့်လှစ်

**မြဝတီ ဩဂုတ် ၆**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ အဆိုပါ သောင်ရင်းမြစ်ရေသည် ဩဂုတ် ၂ရက်က မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းနေရာများ ရေဝင်ရောက်ခဲ့သည့်အတွက် ဒေသခံများမှာ မြဝတီမြို့ ကျောက်လုံးကြီး ရေဘေးရှောင်စခန်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ထိုသို့ နေထိုင်လျက်ရှိရာ သောင်ရင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အောက် ရေပြန်လည်ကျသွားသဖြင့် မိမိနေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့အပြီး ယမန်နေ့ မွန်းလွဲ ၃ နာရီခန့်တွင် စိုးရိမ်ရေမှတ် ၄၆၃ စင်တီမီတာမှ ည ၉ နာရီတွင် ၅၁၇ စင်တီမီတာသို့ ရောက်ရှိကာ ဒုတိယအကြိမ် သောင်ရင်းမြစ်ရေ ပြန်လည်မြင့်တက်လာသည့်အတွက် ကျောက်လုံးကြီးရေဘေးရှောင်စခန်းသို့ အိမ်ထောင်စု ၁၁၇ စုမှ လူဦးရေ ၅၁၂ ဦး၊ ကိုးနဝင်းရေဘေးရှောင်စခန်းသို့ အိမ်ထောင်စု ၆၅ စုမှ လူဦးရေ ၂၈၃ ဦးနှင့် တောရကျောင်းတို့တွင် ထပ်မံပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ သောင်ရင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၃ နာရီတွင် စိုးရိမ်ရေမှတ်ထက် ကျော်လွန်သည့် ၅၈၆ စင်တီမီတာသို့ ထပ်မံတိုးမြင့်သွားပြီး ကိုးနဝင်းဘုန်းတော်ကြီးကျောင်းနှင့် တောရကျောင်းတွင် ရေဘေးရှောင်စခန်းနှစ်ခု ထပ်မံဖွင့်လှစ်ကာ ရေဘေးသင့် ပြည်သူများအားပြောင်းရွှေ့နေရာချထားရေး စီစဉ်လျက်ရှိသည်။



ထိုသို့ ကယ်ဆယ်ရွှေ့ပြောင်းပေးရေး ဆောင်ရွက်ရာတွင် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့်တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် အသင်းအဖွဲ့များက ဆောင်ရွက်ပေးကြသည်။

အဆိုပါ ရေဘေးရှောင်စခန်းများမှ ရေဘေးရှောင်ပြည်သူများအတွက် မြဝတီခရိုင်ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန၊ သယ်န်းညီနောင် အခြေချစစ်ဗျူဟာ၊ ရှေ့တန်းတပ်ရင်းနှင့်နယ်မြေခံတပ်ရင်းများ၊ မြဝတီမြို့မှ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက မြဝတီ ကျောက်လုံးကြီးရေဘေးရှောင်စခန်းသို့ ဆန်၊ ဆီ၊ ဆား၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် အခြားစားသောက်စရာများ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**





## ဘီးလင်းမြို့၌ ရပ်ကွက်နှင့် ကျေးရွာအချို့ရေဝင်၊ စာသင်ကျောင်းများ ပိတ်ထားရ

**ဘီးလင်း ဩဂုတ် ၆**

ဘီးလင်းမြို့နယ် ကျေးရွာတချို့၌ ဩဂုတ် ၆ ရက် နံနက် ၇ နာရီခွဲခန့်က ဘီးလင်းမြစ်ရေနှင့် ဒုံသမိမြစ်ရေ ဝင်ရောက်မှုကြောင့် ဘီးလင်းမြစ်ရေမှာ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပါသဖြင့် မြေနိမ့်ပိုင်းများဖြစ်သော မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ ရေဝင်ရောက်သော စာသင်ကျောင်း စုစုပေါင်း ၁၂ ကျောင်းတို့အား ဩဂုတ် ၆ ရက် မွန်းတည့် ၁၂ နာရီမှစ၍ ယာယီပိတ်ထားရကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

## ကျောက်ပန်းတောင်းမြို့နယ်တွင်မိုးမကျသေး၍နွားစာသွားရိတ်နေရ

**ကျောက်ပန်းတောင်း ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဒေါင်းလည်ကျေးရွာအုပ်စုရှိ ကျေးရွာများ ယနေ့အချိန်ထိမိုးမရွာသေးသောကြောင့် တောင်သူများ နွားစာအတွက် အခက်အခဲဖြစ်နေကာ ၂၅မိုင်ခန့်ဝေးသည့် ကြက်မောက်တောင်ဆည်ဘက် ကျေးရွာများအထိ ကားများ၊ မော်တော်ဆိုင်ကယ်များဖြင့် သွားရောက်ကာ နွားစာရှာနေရကြောင်း သိရသည်။



အဆိုပါ ကျေးရွာများသည် ပုပ္ပားအနောက်မြောက်ဘက် ငါးမိုင်ခန့်အကွာတွင် တည်ရှိကာ ယနေ့အချိန်ထိ မိုးမရွာသွန်းဘဲ သီးနှံစိုက်ခင်းများ စိုက်ပျိုးနိုင်ခြင်းမရှိပေ။ ခိုင်းနွားများအတွက် နွားစာရှားပါးလွန်းသောကြောင့် မိုးရွာသွန်းမှုများသည့် ကျောက်ပန်းတောင်း အရှေ့ဘက် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင် ကျေးရွာများဘက်သို့ နွားစာအတွက် သွားရောက်မြက်ရိတ်နေရပြီး ကားများ၊ ဆိုင်ကယ်များဖြင့် အုပ်စုလိုက်သွားရောက်ကာ နွားစာရှာနေရကြောင်း ရွှေစည်ဒိုင်ကျေးရွာမှ ကိုနေဝင်းအောင်က ပြောသည်။ နွားစာရှာထွက်ရာတွင် နွားစာရိတ်လိုက်မည့်သူများကို ညကတည်းက အသံချဲ့စက်ဖြင့် ဗျိုဟစ်ထားကြောင်း၊ လူတစ်ယောက်နှစ်ထောင့်ငါးရာကျပ်ဖြင့် လိုက်ပို့ကာ နွားစာအတွက် မြက်ထုံးများကို ရသလောက် တင်ဆောင်နိုင်ကြောင်း၊ မြက်ဘယ်နှထုံးရရ ကားခနှစ်ထောင့်ငါးရာကျပ်သာ တောင်းကြောင်း သိရသည်။ **ကိုထိန်(ငါ့သရောက်)**

## ကျိုက်မရောတွင် အိမ်ခြေနှစ်ထောင်ကျော် ရေနစ်မြုပ်

**ကျိုက်မရော ဩဂုတ် ၆**

ကျိုက်မရောမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး အတ္တရံမြစ်ရေမြင့်တက်လာသဖြင့် ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းတွင် ရပ်ကွက်/ကျေးရွာ အုပ်စုကိုးအုပ်စုနှင့် အနိမ့်ပိုင်းနေရာများရှိအိမ်ခြေ ၂၆၉၄ အိမ်သို့ ရေများနစ်မြုပ် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်ရာ ကျေးရွာများဖြစ်သည့် ချောင်းနှစ်ခွရွာ၊ ဦးလေးကျေးရွာနှင့် ငပြေမကျေးရွာများသို့ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီများ၊ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းများမှ လိုအပ်သည့်အကူအညီများသွားရောက် ဆောင်ရွက်လျက်ရှိပြီး ကျိုက်မရောမြို့ ရန်မျိုးအောင်ရပ်ကွက်ရသေ့ကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကာ ကျန်းမာရေးနှင့်စားသောက်ကုန်များ၊ ရေသန့်ဘူးများကို လှူဒါန်းကြောင်း သိရသည်။

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၆၂ အုပ်စု လူဦးရေ၂၄၅ ဦး ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး( ကျိုက်မရော)**

## ၆-၈-၂၀၁၉ ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများ စာရင်း

(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ဓပ) ကန်ရေသေ (ဓပ) | ရေလှောင် ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင် ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | ရေပိုလွှဲမှ ရေကျော် အမြင့် (ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၈.၉၀ | ၃၆၀၃၃ | ၇.၀၉ | ၂.၉၀ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဇားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၀ | ၆၉.၃၀ | ၁၉၁၆ | ၀.၉၁ | ၀.၅၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဂြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၄၀ | ၅၃၃၃၀ | ၂.၂၄ | ၁.၄၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့)** | | | | | | |
| ၄ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၈၀ | ၂၄၃၀ | ၃.၀၀ | ၀.၈၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၅ | ငမြေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၈၀ | ၂၄၈၀ | ၁.၀၀ | ၀.၈၀ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | - | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၆ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၄၀ | ၆၄၆၂၆၈ | ၀.၇၆ | ၂.၄၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၇ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၀.၉၀ | ၁၂၃၆၀၀ | ၁.၅၁ | ၀.၉၀ |
| | | စလေမြို့ | ၆၀ | ၁၀၅၀၀ | | | | |
| ၈ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၆.၇၀ | ၃၃၂၇၈၀ | - | ၃.၂၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | |
| | | **မွန်ပြည်နယ်** | | | | | | |
| ၉ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅၀ | ၆၁.၅၀ | ၄၂၂၈ | ၇.၃၅ | ၀.၅၀ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၁၀ | ပြိုင်းချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၇.၀၀ | ၂၅၇၀၅ | - | ၁.၀၀ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| ၁၁ | ဂရင်ဂျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၁၀ | ၆၅.၂၀ | - | ၀.၁၀ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | |
| ၁၂ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၀ | ၃၀.၁၀ | ၁၂၂ | - | ၀.၁၀ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | |
| ၁၃ | ချောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၅၀ | ၁၁၇၁ | - | ၀.၅၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၁၄ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၄၁.၆၀ | ၄၂၂၈၈ | ၂.၀၂ | ၃.၆၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၁၅ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၉.၂၀ | ၁၅၅၃၀၂ | ၁.၃၃ | ၅.၂၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဩဂုတ် ၆** ။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**



# ဟီရိုရှီးမားမြို့ အဏုမြူဗုံးကြဲချခံရသည့် (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကျင်းပ

**ဟီရိုရှီးမား ဩဂုတ် ၆**

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့တွင် အမေရိကန်ပြည်ထောင်စုမှ ဒုတိယကမ္ဘာစစ်အဆုံးသတ်ရေးအတွက် အဏုမြူဗုံးကြဲချမှု ခံရသည့် (၇၄)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၆ ရက်တွင် ကျင်းပသည်။

အဏုမြူဗုံးကြဲချထိမှန်ခံရသည့် မြေပြင်အမှတ် အသားဖြစ်သည့် နေရာအနီးရှိ ငြိမ်းချမ်းရေးအထိမ်းအမှတ် ပန်းခြံတွင် ယင်းနှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကို ကျင်းပခဲ့ပြီး အခမ်းအနားသို့ နိုင်ငံပေါင်း ၉၀ မှ ကိုယ်စားလှယ်များနှင့်အတူ လူပေါင်း ၅၀၀၀၀ ခန့် တက်ရောက်ဆုတောင်းခဲ့ကြသည်။

ယင်းအခမ်းအနားတွင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇို အာဘေးက အဖွင့်မိန့်ခွန်းပြောကြားသည်။ ဝန်ကြီးချုပ် အာဘေးက ကမ္ဘာပေါ်တွင် အဏုမြူလက်နက်များ ကင်းရှင်းရေးအတွက် ၎င်း၏ အဖွင့်မိန့်ခွန်းတွင် ဆန္ဒပြု ပြောကြားခဲ့သည်။

ယူရေနီယံကို အဓိကပေါက်ကွဲမှုစွမ်းအင်အဖြစ် အသုံးပြုထားသည့် "ချာတိတ်" အမည်ရှိ အဏုမြူဗုံးကို ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းရှိ ဟီရိုရှီးမားမြို့ပေါ်တွင် အမေရိကန် ဗုံးကြဲလေယာဉ်တစ်စင်းက ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ် တွင် ကြဲချခဲ့ရာ ယင်းအဏုမြူဗုံးပေါက်ကွဲမှုကြောင့် ခန့်မှန်းခြေ လူဦးရေ ၁၄၀၀၀၀ သေဆုံးခဲ့ရသည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၉ ရက်တွင် ဂျပန်နိုင်ငံမှ နာဂါဆာကီမြို့သည်လည်း အလားတူပင် အဏုမြူဗုံးကြဲ တိုက်ခိုက်ခံခဲ့ရသည်။ ယင်းသို့ အဏုမြူဗုံးများ ကြဲချ တိုက်ခိုက်ခဲ့ခြင်းမှာ ဒုတိယကမ္ဘာစစ်ပွဲအား အဆုံးသတ် နိုင်ရေးအတွက် ဂျပန်နိုင်ငံက လက်နက်ချရေး ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

# လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရန် အမေရိကန်ကို တရုတ်တိုက်တွန်း

**ပေကျင်း ဩဂုတ် ၆**

နှစ်နိုင်ငံ လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေအနေများ ဖန်တီးရန်အတွက် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ နှစ်နိုင်ငံခေါင်းဆောင်များ ရရှိခဲ့သည့် အများ၏သဘောဆန္ဒကို အလေးအနက် အကောင်အထည် ဖော်ရန်နှင့် ကတိတည်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ က အမေရိကန်နိုင်ငံကို အင်္ဂါနေ့က တိုက်တွန်းပြောကြားလိုက်သည်။ တရုတ် စီးပွားရေးလုပ်ငန်းရှင်များက အမေရိကန် လယ်ယာထွက်ကုန်ပစ္စည်းများကို ဝယ်ယူမှုရပ်ဆိုင်းလိုက်သည့် ကိစ္စနှင့်ဆက်နွှယ်သည့် တရုတ်ကုန်သွယ်ရေး ဝန်ကြီးဌာန၏ ကြေညာချက်နှင့် ပတ်သက်သည့် မေးမြန်းမှုအပေါ် ပြောရေး ဆိုခွင့်ရှိသူ ဟွာချွန်ယင်က ဤကဲ့သို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။



တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ယင်

အမေရိကန် ဒေါ်လာ ၃၀၀ ဘီလီယံ တန်ဖိုးရှိ တရုတ်ပို့ကုန်များအပေါ် အကောက်ခွန် ၁၀ ရာခိုင်နှုန်း ထပ်မံကောက်ခံမည့် အစီအမံကို အမေရိကန် ဘက်က ကြေညာခဲ့ကြောင်း၊ ယင်းသို့ ကြေညာခြင်းသည် ဂျပန်နိုင်ငံ အိုဆာကာ မြို့တွင် နှစ်နိုင်ငံ ခေါင်းဆောင်များ ရရှိခဲ့သည့် အများ၏သဘောဆန္ဒကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဟွာချွန်ယင်က ပြောသည်။

အမေရိကန်နိုင်ငံ၏ ကြေညာချက်ကို တုံ့ပြန်သည့်အနေဖြင့် ဩဂုတ် ၃ ရက်နောက်ပိုင်း တင်သွင်းသည့် အမေရိကန် လယ်ယာထွက်ကုန်ပစ္စည်းများ အပေါ် အကောက်ခွန်စည်းကြပ်မှုကို လတ်တလောကာလ၌ ဖယ်ရှားရန် မဖြစ်နိုင်ဟု တရုတ်နိုင်ငံက ဆုံးဖြတ်ခဲ့ပြီး သက်ဆိုင်ရာ တရုတ်စီးပွားရေး လုပ်ငန်းရှင်များက အမေရိကန် လယ်ယာထွက်ကုန် ပစ္စည်းဝယ်ယူမှုများကို ရပ်ဆိုင်းခဲ့သည်ဟု ဟွာချွန်ယင်၏ ပြောကြားချက်အရ သိရသည်။

တရုတ်နိုင်ငံ၌ ကြီးမားသည့် ဈေးကွက်ရှိကြောင်း၊ အရည်အသွေးမြင့်မား သည့် အမေရိကန်လယ်ယာထွက်ကုန်ပစ္စည်းများကို ဝယ်ယူတင်ပို့မည့် အလားအလာသည် အလွန်ကောင်းကြောင်း၊ သို့သော်လည်း အမေရိကန် နိုင်ငံအနေဖြင့် နှစ်နိုင်ငံခေါင်းဆောင်များ၏ဆန္ဒကို အလေးအနက် အကောင်အထည်ဖော်သင့်ကြောင်း၊ ကတိတည်သင့်ကြောင်း၊ နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် လိုအပ်သည့်အခြေအနေများ ဖန်တီးရန် ကတိပြုချက်များကို စောင့်ထိန်းသင့်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ယင်က ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**

# စစ်ဘက်ဆိုင်ရာ ဂြိုဟ်တု ရုရှား အောင်မြင်စွာ လွှတ်တင်

**မော်စကို ဩဂုတ် ၆**

ရုရှားနိုင်ငံသည် ကာဇက်စတန်နိုင်ငံရှိ ဘိုင်ကိုနော ကော့စမိုဒရုန်း အာကာသ ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ စစ်ဘက်ဆိုင်ရာ ဂြိုဟ်တုတစ်စင်းကို အင်္ဂါနေ့က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဝန်ကြီးဌာန၏ ဇဗက်စတာ ရေဒီယိုအသံလွှင့်ဌာနက ယင်းဂြိုဟ်တုကို နံနက်စောစောပိုင်းတွင် လွှတ်တင်ခဲ့သည်ဟု ကြေညာသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် ယခုနှစ်တွင် ဘိုင်ကိုနောကော့စမို ဒရုန်း အာကာသဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ ဂြိုဟ်တုလွှတ်တင်မှုများကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်မှစ၍ ရုရှားနိုင်ငံ မြောက်ပိုင်း အာခန်ဂဲဒေသရှိ ပေါ်ဇက်စကို အာကာသဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ ဂြိုဟ်တုများ လွှတ်တင်မည်ဖြစ်ကြောင်း ရုရှားအာကာသတပ်ဖွဲ့ ဒုတိယတပ်မှူး အီဂေါမိုရိုဇော့၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါ ရေဒီယိုသတင်းဌာနက သတင်းထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**



# ၁၂ ရက်တာအတွင်း စတုတ္ထအကြိမ်မြောက် ဒုံးကျည် မြောက်ကိုရီးယား ပစ်လွှတ်

**ဆိုးလ် ဩဂုတ် ၆**

မြောက်ကိုရီးယားနိုင်ငံက ယနေ့အစောပိုင်းတွင် အရှေ့ဘက်ရေပြင်သို့ တာတိုပစ် ဒုံးကျည်နှစ်စင်း ပစ်ခတ်ခဲ့ရာ ၁၂ ရက် တာအတွင်း စတုတ္ထအကြိမ် မြောက် ဒုံးကျည်ပစ်ခတ်မှု ဖြစ်လာခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် တာတိုပစ် ဒုံးကျည်ဟု ယူဆရသော အဆိုပါ ဒုံးကျည်နှစ်စင်းကို နိုင်ငံ၏ အနောက်တောင်ဘက် တောင်ဟွန်ဟေး ပြည်နယ် ကဝေလ်ဒေသအနီးတွင် ယနေ့ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၂၄ မိနစ်နှင့် နံနက် ၅ နာရီ ၃၆ မိနစ်တွင် အသီးသီး ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေပြင်မှ အမြင့် ၃၇ ကီလိုမီတာခန့်ဖြင့် ကိုရီးယား ကျွန်းဆွယ်ကို ဖြတ်သန်းကာ ကီလိုမီတာ ၄၅၀ ခန့် ဝေးကွာသည့် အရှေ့ဘက် ရေပြင်ထဲသို့ ကျရောက် ခဲ့ကြောင်း သိရသည်။

ယခု ပစ်ခတ်သည့် မြောက်ကိုရီးယား၏ ဒုံးကျည်သည် ဇူလိုင် ၂၅ ရက်က ပစ်ခတ်ခဲ့သည့် တာတိုပစ်ဒုံးကျည်နှင့် ဆင်တူသည်ဟု တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စု ထောက်လှမ်းရေးအာဏာပိုင်များက ရှုမြင်ခဲ့ကြ သည်။ သို့သော် ယင်းဒုံးကျည်ပုံစံ အတိအကျကိုမူ ဆန်းစစ်လေ့လာလျက်ရှိကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် တောင်ကိုရီးယား သမ္မတ မွန်းဂျေအင်း၏ ထိပ်တန်းအမျိုးသား လုံခြုံရေးအကြံပေးဖြစ်သူ ချုံအီယူယောင်သည် တောင်ကိုရီးယား ထောက်လှမ်းရေးတပ်ဖွဲ့ အကြီးအကဲနှင့် ကာကွယ်ရေးဝန်ကြီးတို့နှင့်အတူ အရေးပေါ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

မြောက်ကိုရီးယားအစိုးရသည် တောင် ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ နှစ်ပတ်လည် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ် စတင်ခဲ့ပြီးနောက် တစ်ရက်အကြာတွင် ယခုကဲ့သို့ ဒုံးကျည်စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယား နှင့် အမေရိကန်ပြည်ထောင်စုသည် သီတင်းပတ် သုံးပတ်ခန့်ကြာမြင့်မည့် ၎င်းတို့၏ နှစ်ပတ်လည် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယား အစိုးရက အပြင်းအထန် ဆန့်ကျင်ကန့်ကွက်နေ သည့် ကြားမှပင် စတင်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဇူလိုင် ၂၅ ရက် က တာတိုပစ်ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်ခတ်ခဲ့ ပြီးနောက် တောင်ကိုရီးယားနှင့် အမေရိကန် ပြည်ထောင်စုတို့ စီစဉ်ထားသည့် နှစ်ပတ်လည် ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် တောင်ကိုရီးယား အစိုးရက အမေရိကန်လုပ် ကိုယ်ပျောက် ဂျက်တိုက်လေယာဉ်များ ဝယ်ယူရန် အတည်ပြုမှု အပေါ် သတိပေးခဲ့ပြီး ထိုအချိန်ကတည်းက ၎င်း၏ တာတိုပစ်ဒုံးကျည် ခြောက်စင်းကို ပစ်ခတ်ခဲ့ ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းတစ်ပတ်အတွင်း အပူလျှပ်ဝေဒနာခံစားရသူ ၁၈၀၀၀ ကျော်ရှိ

**တိုကျို ဩဂုတ် ၆**

ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက အပူချိန်များ ဆက်လက် မြင့်တက်ခဲ့မှုကြောင့် နိုင်ငံတစ်ဝန်းတွင် အပူလျှပ်ဝေဒနာခံစားရသူ ၁၈၀၀၀ ခန့်ကို ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း ဂျပန်အစိုးရ မီးသတ်ဌာနက ပြောကြား သည်။

ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အတွင်း အပူလျှပ်ဝေဒနာခံစားရသူ ဦးရေ ၁၈၃၄၇ ဦးရှိကြောင်း မီးသတ်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားပြီး ယင်းအရေအတွက်မှာ ဇူလိုင် ၂၉ ရက်မတိုင်မီ သီတင်းပတ်က ဝေဒနာခံစားရသူများ၏ အရေအတွက်ထက် သုံးဆပိုများသည်ဟု ဆိုသည်။

ပူပြင်းသောရာသီဥတုအခြေအနေကြောင့် အပူလျှပ်ဝေဒနာ ခံစားရသူ ၅၇ ဦး သေဆုံးခဲ့ပြီး လူနာ ၇၂၉ ဦးမှာ အပြင်းအထန် ဖျားနာခဲ့ကာ ဆေးရုံ တွင် ကာလရှည်ကြာစွာ ကုသမှုခံယူခဲ့ရကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ပခုက္ကူမြို့နယ် ထန်းခြောက်ပင်ကျေးရွာ၌ လျှပ်စစ်မီးလင်းရေးအခမ်းအနား ကျင်းပ

**ပခုက္ကူ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လမ်းရွာကျေးရွာအုပ်စု ထန်းခြောက်ပင်ကျေးရွာ ကျေးရွာမီးလင်းရေးအခမ်းအနားကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။



**လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူ**

ထန်းခြောက်ပင်ကျေးရွာတွင် အိမ်ခြေ ၁၄၂ အိမ်၊ အိမ်ထောင်စု ၁၅၅ စု၊ လူဦးရေ ၅၉၈ ဦးရှိပြီး စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလျှပ်စစ်မီးရရှိရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မီနီဘတ်ဂျက် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၇၇ ဒသမ ၃ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၄ ဒသမ ၈၅ သန်းတို့ဖြင့် ကျွန်းချောင်းဓာတ်အားခွဲရုံ ၁၁ ကေဗွီမြို့စိုးဓာတ်အားလိုင်းမှ ၂၀၀ ကေဗွီအေ ၃ မိုင်ဖြင့် လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျေးရွာမီးလင်းရေး အခမ်းအနားကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင်မြင့်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးဝေဇင်ထွန်းနှင့် ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ဒုတိယဝန်ကြီးဦးတင်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးဝေဇင်ထွန်း၊ ပခုက္ကူခရိုင် လျှပ်စစ်အင်ဂျင်နီယာဦးအေးဝင်းနှင့်ကျေးရွာမီးလင်းရေးအတွက် မတည်အလှူရှင် ဦးကျော်လွင်၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ထန်းခြောက်ပင်ကျေးရွာမီးလင်းရေး မုခ်ဦးရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်ရေးနှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပခုက္ကူခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအေးဝင်းကကျေးရွာမီးလင်းရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ကျေးရွာမီးလင်းရေးကော်မတီမှ ဦးမောင်မောင်နိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံဝင်းအောင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဒုတိယဝန်ကြီး ဦးတင်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးနှင့် အလှူရှင်များကကျေးရွာမူလတန်း (လွန်) ကျောင်းမိဘဆရာအသင်းအတွက် အလှူငွေများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေသန့်စက်တို့ကို လှူဒါန်းခဲ့ကြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျေးရွာအတွင်းနှင့် မူလတန်း(လွန်) ကျောင်းသို့ လျှပ်စစ်မီးသွယ်တန်းထားရှိမှုတို့ကိုကြည့်ရှုပြီး ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအလေးထားလိုက်နာဆောင်ရွက်နိုင်ရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အသင်းသားများနှင့် ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် အထွေထွေစီးပွားရေးသမဝါယမအသင်း ဥက္ကဋ္ဌဦးရဲနိုင်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး အတွင်းရေးမှူးက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင် အကျိုးအမြတ်ခွဲဝေမှုကိုလည်းကောင်း ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်ရယူကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အထွေထွေစီးပွားရေးသမဝါယမအသင်းအနေဖြင့် အသင်းသားများ၏ စုဆောင်းငွေများ၊ အစုရှယ်ယာများဖြင့် အသင်းသားများအား ချေးငွေများထုတ်ချေးပေးခြင်း၊ အမြတ်ငွေများအား အသင်းသားများသို့ ပြန်လည်ခွဲဝေထုတ်ပေးခြင်းများသာမက Corporate Social Responsibilities အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ သာရေး၊ နာရေး ထောက်ပံ့ငွေများ၊ ပညာသင်ထောက်ပံ့ငွေများကိုပါ ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တောင်း၊ ရွှေကျင်၊ သံလွင်မြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည်ရွှေကျင်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း သုံးပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင်နှစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီးနောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် လက်ရှိရေမှတ်မှ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**



# လောက်ကိုင်မြို့၌ လူငယ်နှင့်အနာဂတ်အကျိုး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**လောက်ကိုင် ဩဂုတ် ၆**

လူငယ်နှင့်အနာဂတ်အကျိုးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီတွင် လောက်ကိုင်မြို့ အမှတ်(၂) တပ်မတော် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ပြောကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမောင်က လူငယ်များလေ့ကျင့်ပျိုးထောင်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စုမှူး၊ ဒုရဲမှူးဆန်းထွန်းဦးက မူးယစ်ဆေးဝါးနှင့် လူငယ်များအကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှူး ရဲအုပ်သက်ဇင်နိုင်က လူကုန်ကူးမှုပပျောက်ရေး သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ပြည်သူ့ဆေးရုံ ကလေးအထူးကု ဆရာဝန် ဒေါက်တာကျော်မျိုးထွတ်က အနာဂတ်သားကောင်းရတနာများအတွက် ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



လှိုင်သိန်း(ခ)စိုးပေအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် သြဂုတ် ၆**
ခန္တီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၄ ရက် ည ၁၁ နာရီက ခန္တီးမြို့ လသာတိုးချဲ့ ကွက်သစ်ရပ်နေ လှိုင်သိန်း(ခ)စိုးပေ၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၇၁ ဒသမ ၇ ဂရမ်၊ စိတ်ကြွဆေးပြား ၂၀၇၇ ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ သြဂုတ် ၅ ရက် နံနက် ၉ နာရီက မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ထီးချိုင့်မြို့နယ် အင်ဒေါင်းကျေးရွာအုပ်စု ရွှေပြည်သာကျေးရွာ ကြံစိုက်ခင်းအနီး၌ မသင်္ကာဖွယ်ဆာလာအိတ်တစ်လုံးတွေ့ရှိ၍ စစ်ဆေးရာ ဘိန်းဖြူ ၆၆၀ ဂရမ်ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၉ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၈)ကျောက်ဖြူမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ကျောက်ဖြူမြို့နယ် တောင်ရင်းကျေးရွာအုပ်စု ကုလားဘာတောင် ကျေးရွာ သိမ်တောင်ကျောင်းလမ်းနေ မမာမာဦး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၂၂၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲက ကျိုင်းတုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံ မြို့နယ် ဟွေကွယ်ကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာနေ အားဂျူး၏နေအိမ်ကိုရှာဖွေရာ ၎င်းမှာထွက်ပြေးသွားပြီး နေအိမ်နောက်ခန်းမှ စိတ်ကြွဆေးပြား ၁၇၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ထိုင်းနိုင်ငံ လန်ပန်ခရိုင်၌ မြန်မာနိုင်ငံသားများ လိုက်ပါလာသည့် ယာဉ်တိမ်းမှောက် မြန်မာအလုပ်သမားနှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရ

**ကိုက သြဂုတ် ၆**
ထိုင်းနိုင်ငံမြောက်ပိုင်းရှိ လန်ပန်ခရိုင်၌ယနေ့နံနက်အစောပိုင်းက မြန်မာနိုင်ငံသားများ စီးနင်းလိုက်ပါလာသည့် ယာဉ်တိမ်းမှောက်၍ မြန်မာအလုပ်သမား နှစ်ဦးသေဆုံးပြီး ယာဉ်မောင်းအပါအဝင် ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းနိုင်ငံရှိ သတင်းဌာနအသီးသီးမှ ဖော်ပြချက်အရ သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၄ နာရီခန့်က မဲဆောက်မြို့မှ မောင်းနှင်လာသော မြန်မာအလုပ်သမားများ တင်ဆောင်လာသည့် ယာဉ်သည် ထိုင်းနိုင်ငံမြောက်ပိုင်း လန်ပန်ခရိုင် ကိုကမြို့နယ်အပိုင် အဝေးပြေးလမ်းမ ကီလို ၆၈၁ ဒသမ ၆၈၂ အရောက် လမ်းဘေးရှိ သစ်ပင်အား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် မြန်မာအလုပ်သမား မျိုးနိုင်နှင့်မင်းဝေတို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြကြောင်း၊ ယာဉ်မောင်း ထိုင်းနိုင်ငံသားအပါအဝင် မြန်မာအလုပ်သမား အောင်သူ၊ အောင်မျိုး၊ ဇော်ဝင်းနိုင်၊ အောင်ထွန်း၊ အောင်သက်၊ အောင်ဝင်းဦး နှင့်မဌေးဌေးတို့မှာ ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ၎င်းတို့အား ကိုကပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသထားကြောင်း ထိုင်းနိုင်ငံရှိ သတင်းဌာနအသီးသီးမှ သိရသည်။

**ပွင့်သစ္စာ**



# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်း ဆောင်ရွက်

**နေပြည်တော် သြဂုတ် ၆**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၃)၊ အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ကျီးကျွန်းရဲကင်းစခန်းမှ ရဲအုပ် မြတ်ဇော်ဦး ဦးစီးတပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ်(၀၀၅)ပါ နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ် Whykong BOP ကင်းစခန်းမှူး Subedar Md. Mortuja Ali ဦးဆောင်သည့်တပ်ဖွဲ့ဝင်များသည် စက်တပ်ရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း၊ စုစုပေါင်း လေးစင်းသည် ယမန်နေ့နံနက်ပိုင်းက ပြူးမချောင်းဝထိပ်နတ်မြစ်မြစ်လယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီးဆုံးရပ် ရေမိုင်အမှတ်(၁၅)အနီးမှ သဲချောင်းချောင်းဝထိပ် ရေမိုင်အမှတ်(၁၈)အနီးထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ် (၀၀၅) ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဂန့်ဂေါတွင် အထောက်အထားမဲ့လူလေးဦး စစ်ဆေးတွေ့ရှိ

**ဂန့်ဂေါ သြဂုတ် ၆**
ဂန့်ဂေါမြို့ မြို့မရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ် အောင်ဟိန်းကိုကိုဦးနှင့်အဖွဲ့သည် ဂန့်ဂေါ မြောက်ဘက် ဂန့်ဂေါ- ကလေး၊ ဟားခါး၊ ပုလဲ၊ ဂန့်ဂေါ-ထီးလင်း လမ်းဆုံ၌ ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် ယနေ့နံနက် ၂ နာရီခွဲခန့်က ယာဉ်တစ်စီးပေါ်တွင် အထောက်အထားမဲ့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူလေးဦးကို စစ်ဆေးတွေ့ရှိခဲ့သည်။

ဖြစ်စဉ်မှာ ကလေးမြို့မှ ဂန့်ဂေါ- ပုလဲသို့ မောင်းနှင်လာသော ယာဉ်အမှတ် GG/--- Nissan Ad အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း ဦးတေကနတ် ဂေါ်ရခါးလူမျိုး(ဝိုင်းမော်မြို့နေ) ယာဉ်ပေါ်တွင် အထောက်အထားမဲ့ လူလေးဦးကို စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းအထောက်အထားမဲ့ လူလေးဦးသည် လွန်ခဲ့သောနှစ်နှစ်ခန့်က တစ်ဖက်နိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံ ဒေလီမြို့သို့ ကျပန်းအလုပ် သွားရောက်လုပ်ကိုင်ခဲ့ပြီး လွန်ခဲ့သည့် တစ်လခန့်က စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့သို့ ရောက်ရှိနေထိုင်ခဲ့ကြောင်းနှင့် ထိုမှတစ်ဆင့် မန္တလေးမြို့သို့ တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှစ်သောင်းဖြင့် ယာဉ်မောင်း ဦးတေကနတ် မောင်းနှင်သောယာဉ်ဖြင့် သြဂုတ် ၅ ရက် ည ၁၁ နာရီခန့်က တမူးမြို့မှ စတင်ထွက်ခွာလာခဲ့ကြောင်း သိရသည်။

အဆိုပါ အထောက်အထားမဲ့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူ လေးဦးအား ဂန့်ဂေါမြို့မ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**၄၆၅**



# သာစည်၊ ပုသိမ်ကြီးနှင့် သပိတ်ကျင်းမြို့နယ်တို့မှ တရားမဝင်သစ် ၃၂ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် သြဂုတ် ၆**
သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးရေးကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သစ်တောဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် သြဂုတ် ၂ ရက်မှ ၄ ရက်အထိ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးကားလမ်း Mobile X- Ray ကွဲတပ်ဆုံစစ်ဆေးရေးစခန်းနေရာ၌ HINO 4D မော်တော်ယာဉ်နှင့် Canter မော်တော်ယာဉ်တို့ပေါ်မှ သရက်၊ နဘဲ၊ လယ်ဇ၊ သစ်ဆိမ့်၊ ဒီးဒူးခွဲသား ၅ ဒသမ ၄၀ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ ခြောက်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာအနီး၌ လီဖန်း ခြောက်ဘီးယာဉ်နှင့် Mitsubishi Canter ခြောက်ဘီးယာဉ်တို့ပေါ်မှ ကျွန်းသစ်ခွဲသား ၅ ဒသမ ၄၉၄၂ တန်နှင့် ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ဧရာဝတီမြစ်အနောက်ဘက် ကမ်းဇင်းချောင်း ချောင်းဝနေရာမှ ကျွန်းသစ် ၂၁ ဒသမ ၉၀၂၀ တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သောသူများကို စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# ပြည်ကြီးတံခွန်မြို့နယ်တွင် စကားများရန်ဖြစ်စဉ် ခဲဖြင့် ဝိုင်းထု၍ သေဆုံးမှုမှ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးအရေးယူ



**နေပြည်တော် သြဂုတ် ၆**
မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နေ ငြိမ်းချမ်းသည် ဇူလိုင် ၃၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က နေအိမ်တွင်ရှိနေစဉ် ယောက်ဖဖြစ်သူ ရှပ်ကောင်(ခ)ခင်မောင်ထွန်းသည် ၅၈ လမ်းနှင့် ကျန်စစ်သားလမ်းထောင့်ရှိ စားသောက်ဆိုင်တစ်ခုတွင် ပြဿနာတက်နေကြောင်း သိရ၍ သွားရောက်ကြည့်ရှုရာ ၎င်းမှာအိမ်သာသွားသည့်လမ်းချောင်ထဲတွင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊

ဖြစ်စဉ်မှာ ရှပ်ကောင် (ခ)ခင်မောင်ထွန်းနှင့် အနောက်ဘက်စားပွဲဝိုင်းရှိ လူသုံးဦးတို့ စကားများရန်ဖြစ်စဉ် တစ်ဦးမှာ ဆိုင်အပြင်သို့ ထွက်သွားပြီး ၎င်းနှင့်အတူ လူခုနစ်ဦး၊ ရှစ်ဦးခန့်ဖြင့် ပြန်လည်ရောက်ရှိလာကာ ရှပ်ကောင် (ခ)ခင်မောင်ထွန်းအား ခဲဖြင့် ဝိုင်းထု၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် အမှုဖွင့်တိုင်ကြားခဲ့သည်။

ရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် အခင်းဖြစ်ရပ်ရှိ CCTV မှတ်တမ်းအား ကြည့်ရှုစစ်ဆေးခြင်းနှင့် နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ည ၈ နာရီခန့်တွင် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ အောင်လင်းဦး၊ တစ်ရပ်ကွက်တည်းနေ ကြည်လင်း(ခ) ကျော်ဇင်ထွန်းနှင့် သန်းထွန်း (ခ) ထွန်းကြီးတို့ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများမှာ ပုသိမ်ကြီးမြို့နယ် ဇီးအုပ်ကွက်သစ် (မြောက်)နေ ထက်မောင်မောင်၊ ငယ်လေး(ခ)အောင်ကျော်ထူး၊ ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ ရာဇာတိုး(ခ) အောင်မြင့်မြတ်၊ လင်းခန့်နိုင်၊ (ဆ)ရပ်ကွက်နေ ကိုထက်(ခ)မောင်မောင်ထက်၊ ငွေတော်ကျီကုန်းရပ်ကွက်နေ ဖြိုးမောင်(ခ) ရပ်ပါကုလား၊ (င)ရပ်ကွက်နေ ညီဇော်ထက်တို့ဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့ခုနစ်ဦးအား သြဂုတ် ၁ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးရမိခဲ့သောကြောင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပိုင်ဆိုင်သော ငွေကြေးများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း ဆက်ခံရမည်။

(ဂ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့်ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်မှ လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(ဃ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိနေသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆက်ခံရမည်။

(င) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဖက်စပ်ဖြစ်စေ၊ အကျိုးတူဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို ဆက်ခံရမည်။

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရရှိထားသော လုပ်ငန်းလိုင်စင်၊ အသုံးပြုခွင့်နှင့် ခွင့်ပြုချက်များကို ဆက်ခံရမည်။

(ဆ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပဋိညာဉ်စာချုပ် သို့မဟုတ် သဘောတူစာချုပ် ချုပ်ဆို၍ဖြစ်စေ၊ ကုန်ဝယ်အမှာစာ (Purchase Order) ဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို ဆက်ခံရမည်။

(ဇ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ ပါ လုပ်ငန်းစဉ်များအားဆောင်ရွက်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပိုင်ဆိုင်မှုအရပ်ရပ်နှင့်ပတ်သက်ပြီး တန်ဖိုးဖြတ်မှုများ၊ ကိန်းဂဏန်းနှင့် စာရင်းအင်းအချက်အလက် မှတ်တမ်းတင်ခြင်း လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် လုပ်ငန်းစစ်ဆေးရေးအဖွဲ့တစ်ရပ်ကို ကာလသတ်မှတ်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၈။ ကော်ပိုရေးရှင်းသည် လိုအပ်ပါက လက်ရှိဖွဲ့စည်းပုံကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း (၄)**

**ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်း**

၉။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပြုနိုင်ရန်နှင့် စီမံခန့်ခွဲမှုပြုနိုင်ရန် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦး အထိပါဝင်သော ဒါရိုက်တာအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူ | ဥက္ကဋ္ဌ |
| (၂) အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (၃) ဘဏ္ဍာရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၄) စီမံခန့်ခွဲရေးလုပ်ငန်းကျွမ်းကျင်သူ တစ်ဦး | အဖွဲ့ဝင် |
| (၅) စီးပွားရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၆) ဥပဒေဆိုင်ရာကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၇) ဆက်သွယ်ရေးဆိုင်ရာဘာသာရပ် ကျွမ်းကျင်သူများ | အဖွဲ့ဝင်များ |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ဒါရိုက်တာအဖွဲ့ကို လိုအပ်ပါက သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာအဖွဲ့ဝင်များထဲမှ တစ်ဦးကို အတွင်းရေးမှူးအဖြစ် ဆန္ဒမဲဖြင့် ရွေးချယ်တာဝန်ပေးအပ်ရမည်။

၁၁။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၉ အရ ဒါရိုက်တာအဖွဲ့ကို ပထမအကြိမ်ဖွဲ့စည်းရာတွင် အမှုဆောင်အရာရှိချုပ်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးကိုဖြစ်စေ၊ ဆက်သွယ်ရေးနည်းပညာ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှု ကျွမ်းကျင်သူကိုဖြစ်စေ တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်သည့် အမှုဆောင်အရာရှိချုပ်သည် အကြောင်းတစ်စုံတစ်ရာကြောင့် ယင်း၏ရာထူးနေရာ လစ်လပ်သည့်အခါ ဝန်ကြီးဌာနသည် ဒါရိုက်တာအဖွဲ့က ထောက်ခံတင်ပြသည့် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးကို အမှုဆောင်အရာရှိချုပ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ခန့်အပ်တာဝန်ပေးရမည် -

(၁) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းအတွေ့အကြုံရှိပြီး အသက် ၃၅ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(၂) စီမံခန့်ခွဲရေးကိစ္စများတွင် တာဝန်ရှိသူအဖြစ် ဆောင်ရွက်ခဲ့ဖူးခြင်း၊

(၃) ကော်ပိုရေးရှင်း၏ အကျိုးစီးပွားကို ထိခိုက်ဖွယ်ရာရှိသည့် လုပ်ငန်းတစ်ခုခုတွင် ဆောင်ရွက်သူမဟုတ်ခြင်း၊

(၄) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း သို့မဟုတ် ရပ်စဲခြင်း ခံရသူမဟုတ်ခြင်း။

၁၂။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသောပုဂ္ဂိုလ်သည် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရာရှိသည့် ငွေရေးကြေးရေး အကျိုးခံစားခွင့် သို့မဟုတ် အခြား အကျိုးသက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်။

၁၃။ (က) ဒါရိုက်တာအဖွဲ့ဝင်သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှု သို့မဟုတ် ဆက်သွယ်ရေးပစ္စည်း ရောင်းမှု၊ ဝယ်မှု၊ ငှားရမ်းမှု တစ်ခုခုတွင်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့အကျိုးသက်ဆိုင်ကြောင်းကို ယင်းကိစ္စအတွက် အစည်းအဝေးမကျင်းပမီဖြစ်စေ၊ ကျင်းပသည့်အခါဖြစ်စေ ဒါရိုက်တာအဖွဲ့သို့ ထုတ်ဖော်ပြောဆိုရမည်။

(ခ) ပုဒ်မခွဲ(က) အရ အစည်းအဝေးမကျင်းပမီ ထုတ်ဖော်ကြေညာသည့်အခါ အဆိုပါ ဒါရိုက်တာအဖွဲ့ဝင်အား အစည်းအဝေးတွင် တက်ရောက်ဆွေးနွေးခွင့်မရှိစေရ။ အကယ်၍ အစည်းအဝေးကျင်းပသည့်အခါ ထုတ်ဖော်ကြေညာခြင်းဖြစ်လျှင် ထိုအစည်းအဝေး၌ အဆိုပါ ဒါရိုက်တာအဖွဲ့ဝင်အား အစည်းအဝေးတွင် ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်းပြုရာတွင် ပါဝင်ခွင့်မရှိစေရ။

(ဂ) ဒါရိုက်တာအဖွဲ့သည် ပုဒ်မခွဲ (က) ပါ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးက ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် ရှိ မရှိ အဆုံးအဖြတ်ပြုနိုင်သည်။

၁၄။ (က) ဒါရိုက်တာအဖွဲ့ဝင်များ၏ ရာထူးသက်တမ်းနှင့်စပ်လျဉ်း၍-

(၁) ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ သက်တမ်းသည် စတင်ခန့်အပ်သည့်နေ့မှ ငါးနှစ်ဖြစ်ပြီး အမှုဆောင်အရာရှိချုပ်မှအပ ကျန်ဒါရိုက်တာအဖွဲ့ဝင်များ၏ သက်တမ်းသည် စတင်ခန့်အပ်သည့်နေ့မှ လေးနှစ်ဖြစ်သည်။

(၂) အမှုဆောင်အရာရှိချုပ်မှအပ အကြောင်းတစ်စုံတစ်ရာကြောင့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး ရာထူးနေရာလစ်လပ်သဖြင့် အစားထိုးခန့်အပ်တာဝန်ပေးသည့်အခါ အဆိုပါပုဂ္ဂိုလ်တစ်ဦးဦး၏ ရာထူးသက်တမ်းသည် မူလရာထူး၏ သက်တမ်းကုန်ဆုံးသည်အထိ ဖြစ်စေရမည်။

(ခ) ဒါရိုက်တာအဖွဲ့ဝင်များသည် သာမန်အားဖြင့် ရာထူးသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမရှိစေရ။ သို့ရာတွင် ကော်ပိုရေးရှင်း၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည်အပေါ်မူတည်၍ ဝန်ကြီးဌာနက ဆက်လက်တာဝန် ပေးအပ်နိုင်သည်။

(ဂ) ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးသည် ရာထူးသက်တမ်း ကုန်ဆုံးသော်လည်း ထိုရာထူးနေရာအတွက် ပုဒ်မ ၉ နှင့် ၁၀ တို့အရ အသစ်ရွေးချယ်ခန့်ထားပြီး လုပ်ငန်းတာဝန် လွှဲပြောင်းပေးပြီးသည့်အချိန်အထိ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။

၁၅။ ဝန်ကြီးဌာနသည် ဒါရိုက်တာအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်တို့ကို သတ်မှတ်ပေးရမည်။

၁၆။ ဝန်ကြီးဌာနသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သော ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရာထူးတာဝန်မှရပ်စဲနိုင်သည် -

(က) ဝန်ကြီးဌာနက ရရှိသည့် သတင်းအချက်အလက်အရ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး၏ ရာထူးတာဝန်နှင့် ထိုက်တန်မှုမရှိကြောင်းတွေ့ရှိခြင်း၊

(ခ) ကော်ပိုရေးရှင်း၏ အကျိုးစီးပွားထိခိုက်စေသော အခြားလုပ်ငန်းတစ်ခုခုကို လက်ခံဆောင်ရွက်ကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိခြင်း၊

(ဂ) ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းမပြုမီ ကော်ပိုရေးရှင်း၏ ငွေရေးကြေးရေး သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် တစ်စုံတစ်ရာကို ထိခိုက်စေသည့် လုပ်ဆောင်မှု တစ်ခုခုပြုလုပ်ခဲ့ကြောင်းပေါ်ပေါက်ခြင်း၊

(ဃ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဒါရိုက်တာအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်း သုံးကြိမ် ပျက်ကွက်ခြင်း၊

(င) အကြောင်းတစ်စုံတစ်ရာကြောင့် ရာထူးတာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။

၁၇။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် ဒါရိုက်တာအဖွဲ့ဝင် ရာထူးတာဝန်မှရပ်စဲသည် -

(က) နုတ်ထွက်ခြင်း၊

(ခ) ကွယ်လွန်ခြင်း။

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး ရာထူးနေရာလစ်လပ်သည့်အခါ ထိုရာထူးနေရာအတွက် ပုဒ်မ ၉ နှင့် ၁၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဖြည့်စွက်ခန့်ထားရမည်။

၁၉။ ဒါရိုက်တာအဖွဲ့၏ ဆောင်ရွက်ချက်များသည် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦး လစ်လပ်၍သော်လည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိ၍သော်လည်းကောင်း ပျက်ပြယ်ခြင်း မရှိစေရ။

၂၀။ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးများကျင်းပခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၅)**

**ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၁။ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ကော်ပိုရေးရှင်းက ဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်နိုင်ရန် မူဝါဒများချမှတ်ခြင်း၊

(ခ) ကော်ပိုရေးရှင်း၏ ငွေကြေးသုံးစွဲမှု၊ ပေးချေမှုစနစ်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ စီမံခန့်ခွဲမှုစနစ်တို့ကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်စေရန် လမ်းညွှန်ခြင်း၊

(ဂ) နိုင်ငံတော်ပိုင်ဘဏ္ဍာငွေများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အလေအလွင့်၊ အဆုံးအရှုံး၊ အပျက်အစီးနှင့် အပျောက်အရှမရှိအောင် ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို စိစစ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) ပြည်တွင်း ပြည်ပ၌ ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(င) ကော်ပိုရေးရှင်းက ဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက အကြံပေးပုဂ္ဂိုလ်များကို ခန့်အပ်ခြင်းနှင့် ၎င်းတို့အတွက်ချီးမြှင့်ငွေနှင့် စရိတ်တို့ သတ်မှတ်ပေးခြင်း၊

(စ) ကော်ပိုရေးရှင်းက ဆောင်ရွက်နေသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုလုံး၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံ၍ဆောင်ရွက်ခြင်း၊

(ဆ) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအဝဝကို ဝန်ကြီးဌာနသို့ တာဝန်ခံ၍ ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်ကလွှဲအပ်ပေးသည့်ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိခြင်း၊

(ဈ) ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကိစ္စများကို ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ စိစစ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**(ဆက်လက်ဖော်ပြပါမည်)**

# ကမ္ဘာ့စျေးအကြီးဆုံး နောက်တန်းကစားသမားတစ်ဦးဖြစ်လာတဲ့ မာကွိုင်ယာ

## မန်ယူအသင်းရဲ့အရေးပါတဲ့ မဟာတံတိုင်းတစ်ခု ဖြစ်လာလေမလား

မန်ယူအသင်းဟာ ပရီမီယာလိဂ်ပြိုင်ဘက် လက်စတာစီးတီးအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် သန်း ၈၀ အထိပေးပြီး အင်္ဂလန်နောက်တန်းကစားသမား မာကွိုင်ယာကို ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အဲဒီပြောင်းရွှေ့ကြေးဟာ နောက်တန်းကစားသမားတစ်ဦးကို ခေါ်ယူလိုက်တဲ့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးလည်းဖြစ်ပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ မာကွိုင်ယာဟာ မန်ယူအသင်းနဲ့အတူ ခြောက်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာ ဖြစ်ပြီး အဲဒီချုပ်ဆိုခဲ့တဲ့စာချုပ်အရ နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်လည်းရရှိမှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းဆီကနေ နယ်သာလန် နောက်တန်းကစားသမား ဗန်ဒိုက်ကို ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းနဲ့ ခေါ်ယူခဲ့တာကြောင့် အဲဒီအချိန်က ဗန်ဒိုက်ဟာ ကမ္ဘာ့စျေးအကြီးဆုံး နောက်တန်းကစားသမားတစ်ဦး ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ မာကွိုင်ယာက ကမ္ဘာ့စျေးအကြီးဆုံး နောက်တန်းကစားသမားတစ်ဦးဖြစ်လာခဲ့တာပဲဖြစ်ပါတယ်။



မာကွိုင်ယာ ဟာ အင်္ဂလန်ဘောလုံး လောကမှာဆိုရင် ဒုတိယစျေးအကြီးဆုံး ကစားသမားလို့လည်း ဆိုရမှာပါ။ ဘာလို့လဲဆိုရင် မန်ယူအသင်းဖော်ဖြစ်တဲ့ ကွင်းလယ်ကစားသမား ပေါ့ဘာက လက်ရှိအင်္ဂလန်ပရီမီယာလိဂ်မှာ ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းနဲ့ မန်ယူအသင်းက ခေါ်ယူထားတာကြောင့်လည်းဖြစ်ပါတယ်။ ဝေးလ်တောင်ပံ ကစားသမား ဂါရတ်ဘေးလ်ဟာ ၂၀၁၃ ခုနှစ်က စပါးအသင်းကနေ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ကြေးပေါင် ၈၅ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာကြောင့် မာကွိုင်ယာဟာ ဗြိတိန်အခြေစိုက်ကစားသမားတွေထဲမှာ ဒုတိယစျေးအကြီးဆုံး ကစားသမားလည်း ဖြစ်လာပါတယ်။

မာကွိုင်ယာဟာ မန်ယူအသင်းနဲ့အတူ ကမ္ဘာ့စျေးအကြီးဆုံးကစားသမားဖြစ်လာတဲ့အပြင် မန်ယူအသင်းနည်းပြ ဆိုးရှားရဲ့အခုအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူခဲ့တဲ့ တတိယမြောက်မန်ယူရဲ့မျက်နှာသစ်ကစားသမားလို့လည်းဆိုရမှာဖြစ်ပါတယ်။ မန်ယူအသင်းနည်းပြ ဆိုးရှားဟာ မာကွိုင်ယာ မတိုင်ခင်က ခရစ္စတယ်ပဲလေ့ ညာနောက်ခံကစားသမား အာရွန်ဝန်ဘစ်ဆာကာကို ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ နဲ့ ခေါ်ယူခဲ့တဲ့အပြင် ဆွမ်ဆီးအသင်းရဲ့ တောင်ပံကစားသမား ဒန်နီယယ်ဂျိမ်းစ်ကိုလည်း ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းနဲ့ ခေါ်ယူထားခဲ့လို့ပဲဖြစ်ပါတယ်။

အခုလိုခေါ်ယူခဲ့ခြင်းဟာ နည်းပြ ဆိုးရှားအနေနဲ့ ဆုဖလားတွေရယူဖို့ အသင်းကို အကောင်းဆုံးတည်ဆောက်နေတယ်ဆိုတာ သိသာတဲ့ အကြောင်း မာကွိုင်ယာက ပြောခဲ့ပါတယ်။ ဒါ့အပြင် ရလဒ်ကောင်းတဲ့ဘောလုံးရာသီ တစ်ခုကို စတင်ဖို့ဆိုးရှားအနေနဲ့ ကစားသမားသစ်တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေလည်း လုပ်ခဲ့တယ်လို့ဆိုပါတယ်။ ဆိုးရှားကိုယ်တိုင်ကလည်း မာကွိုင်ယာဟာ ကမ္ဘာ့အကောင်းဆုံး နောက်တန်းကစားသမားလို့ ချီးကျူးပြောကြားခဲ့ပါတယ်။

မန်ယူအသင်းဟာ အသင်းကို ပြန်လည်တည်ဆောက်ဖို့အတွက် အခုအပြောင်းအရွှေ့ကာလအတွင်းမှာ ပေါင်သန်း ၁၅၀ နီးပါး အသုံးပြုခဲ့ပြီး အပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီ သုံးရက်အလိုအထိ ပရီမီယာလိဂ်ကလပ်အသင်းတွေ ကစားသမားခေါ်ယူမှုနဲ့ ပတ်သက်ပြီး သုံးစွဲခဲ့တာ တစ်ဘီလီယံကျော်အထိရှိလာခဲ့ပါပြီ။ မန်ယူအသင်းဟာ မာကွိုင်ယာကို ခေါ်ယူဖို့ ကာလရှည်စောင့်နေခဲ့တဲ့အသင်းတွေထဲက တစ်သင်းအပါအဝင်ဖြစ်ပါတယ်။ မာကွိုင်ယာဟာ ၂၀၁၇ ခုနှစ်က ဟားစီးတီးအသင်းကနေ လက်စတာစီးတီးအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး လက်စတာစီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၆၉ ပွဲအထိ ပါဝင်ကစားပေးထားတာလည်းဖြစ်ပါတယ်။

မာကွိုင်ယာရဲ့ ကစားသမားဘဝ စတင်ခဲ့တာကတော့ ရှက်ဖီးလ်ယူနိုက်တက်အသင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်က ဟားစီးတီးအသင်းကို မရောက်မီအချိန်အထိ ရှက်ဖီးလ်ယူနိုက်တက်အသင်းနဲ့အတူ လိဂ်ပွဲစဉ် ၁၃၉ ပွဲအထိ ပါဝင်ကစားပေးခဲ့တာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်က ရှက်ဖီးလ်ယူနိုက်တက်အသင်း ပရီမီယာလိဂ်ကို တန်းတက်လာ အောင်လည်း ပါဝင်အားဖြည့်စွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားတွေထဲမှာ မာကွိုင်ယာလည်း တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ ဒါပေမယ့် ရှက်ဖီးလ်ယူနိုက်တက်အသင်း ပရီမီယာလိဂ်ကို တန်းတက်ပြီး ၁၂ လအကြာမှာတော့ လက်စတာစီးတီးအသင်းကို ပြောင်းရွှေ့ခဲ့တာပဲဖြစ်ပါတယ်။

မာကွိုင်ယာဟာ အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝကိုတော့ ၂၀၁၇ ခုနှစ် ဩဂုတ်လမှာ စတင်ခဲ့တာဖြစ်ပြီး ရုရှားမြေမှာ ကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကွာတားဖိုင်နယ်မှာ ဆွီဒင်ကို နှစ်ဂိုးပြတ်နိုင်ပြီး ဆီမီးဖိုင်နယ်တက်လှမ်းခွင့်ရရှိအောင်လည်း ကူညီနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ မာကွိုင်ယာဟာ မန်ယူအသင်းရဲ့ ခုနစ်ဦးမြောက် နောက်တန်းကစားသမားဖြစ်လာပါတယ်။ မန်ယူအသင်းမှာ လက်ရှိ အဲရစ်ဘိုင်လီ၊ ဖီးလ်ဂျုံးစ်၊ ဗစ်တာလင်ဒီလော့ဖ်၊ မားကို့စ်ရိုဂျို၊ ခရစ်စမောလင်းနဲ့ တူယန်ဇီဘီတို့ရှိနေတာဖြစ်ပါတယ်။

မန်ယူအသင်းမှာ နောက်တန်းကစားသမားဗီဒစ်ထွက်ခွာသွားတဲ့ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက နောက်တန်းခံစစ်ပိုင်းဟာ ဆိုးရွားတဲ့နောက်တန်းအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် မာကွိုင်ယာရောက်ရှိလာခြင်းက တစ်ချိန်က မန်ယူနောက်တန်းလိုဖြစ်လာမလားဆိုတဲ့သုံးသပ်မှုတွေလည်း ရှိနေပါတယ်။ လက်ရှိမှာ မန်ယူနောက်တန်းကစားသမားတွေဖြစ်တဲ့ လင်ဒီလော့ဖ်၊ စမောလင်း၊ ဖီးလ်ဂျုံးစ်၊ ဘိုင်လီတို့နဲ့ယှဉ်ရင် မာကွိုင်ယာက ခြေစွမ်းအသာဆုံးလို့ ဆိုရမှာပါ။ မာကွိုင်ယာအနေနဲ့ ရှက်ဖီးလ်ယူနိုက်တက်၊ ဟားစီးတီးနဲ့ လက်စတာတို့မှာ ဘယ်လိုပဲ စွမ်းဆောင်ရည်တွေပြတာရှိခဲ့ပေမယ့် အခုလက်ရှိမန်ယူအသင်းအတွက် မဟာတံတိုင်းတစ်ခုဖြစ်လာလေမလားဆိုတာကတော့ အခုနှစ်ဘောလုံးရာသီမှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

နိုင်လင်းကြည်

## အနုပညာ




ဩဂုတ် ၅ ရက်က ဆိုးလ်မှာ ပြုလုပ်ခဲ့တဲ့ "Welcome 2 Life" ရုပ်ရှင်အတွက် သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာတဲ့ ရိန်းနဲ့ လင်ဂျီယွန်း။

အေးပြည့်- ရေးသားသည်

# ဟီးချောနဲ့ မိုမိုတို့ ချစ်သူတွေမဟုတ်ကြောင်း အေဂျင်စီငြင်းဆို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကေပေါ့ပ်ကြယ်ပွင့်စုံတွဲတစ်တွဲ ထပ်မံပေါ်ထွက်ကြောင်း သတင်းတွေထွက်လာခဲ့ရာမှာ အဆိုပါ ကြယ်ပွင့်တွေရဲ့အေဂျင်စီတွေက ကောလာဟလတွေကို အချိန်တိုအတွင်းမှာပင် ငြင်းဆိုခဲ့တာဖြစ်ပါတယ်။ "Super Junior"အဖွဲ့ရဲ့ အဖွဲ့ဝင် ဟီးချောနဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "TWICE"ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ မိုမိုတို့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေပေါ်ထွက်လာရာ နှစ်ဖက်အေဂျင်စီတွေက အဆိုပါကောလာဟလတွေဟာ မှန်ကန်မှုမရှိကြောင်း ပြန်လည်ငြင်းဆိုခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟီးချောရဲ့ ဖျော်ဖြေရေးအေဂျင်စီက ဟီးချောနဲ့ မိုမိုတို့ ချစ်သူတွေဖြစ်နေတယ်ဆိုတာ မမှန်ကြောင်းနဲ့ သူတို့နှစ်ဦးဟာ ရင်းနှီးတဲ့ လုပ်ဖော်ကိုင်ဖက်တွေသာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့ပါတယ်။ မိုမိုရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်က ကြယ်ပွင့်နှစ်ဦးရဲ့ကောလာဟလတွေကို ငြင်းဆိုကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

လက်ရှိမှာ အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဟီးချောနဲ့ ၂၂ နှစ်အရွယ်မိုမိုတို့ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေဟာ ဩဂုတ် ၆ ရက်မှာ ဒေသတွင်းမီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့ရာကနေ စတင်ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ အဆိုပါမီဒီယာရဲ့ ဖော်ပြချက်အရ ဟီးချောနဲ့ မိုမိုတို့ဟာ လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက စတင်တွေ့ဆုံခဲ့ကြတာဖြစ်ကြောင်းနဲ့ သူတို့နှစ်ဦးဟာ ရုပ်သံအစီအစဉ်တစ်ခုမှာ စတင်တွေ့ဆုံခဲ့ကြပြီး ချစ်သူတွေဖြစ်ခဲ့ကြကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

"TWICE"ရဲ့ အခြားသော အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီဟိုဟာ ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ကန်ဒန်နီရယ်နဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ



ပေါ်ထွက်ခဲ့ပြီး ဒီသတင်းတွေကိုတော့ အေဂျင်စီက မှန်ကန်ကြောင်း အတည်ပြုပေးခဲ့ပါတယ်။ ချစ်သူရနေပြီဖြစ်ကြောင်း သတင်းတွေထွက်ခဲ့ပြီးနောက် ကန်ဒန်နီရယ်က သူ့ရဲ့ပရိသတ်တွေကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် တရားဝင်ထုတ်ဖော်ရှင်းလင်းခဲ့ပေမယ့် ဂျီဟိုကတော့ လက်ရှိအချိန်အထိ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။ ဂျီဟိုဟာ လက်ရှိမှာ အမေရိကန်နယ်လှည့်ဖျော်ဖြေပွဲတွေကို အခြားသော အဖွဲ့ဝင်တွေနဲ့အတူ ပြုလုပ်နေတာလည်း ဖြစ်ပါတယ်။

## ကမ္ဘာလှည့်ခရီးသွားများ ကိုယ်ပိုင်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် လာရောက်လည်ပတ်

**နေပြည်တော် ဩဂုတ် ၆**

ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝအလှအပများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ကြည့်ရှုလေ့လာ ခံစားနိုင်ရန် လေကြောင်း၊ ရေကြောင်းများဖြင့်သာမက နယ်စပ်ဝင်/ထွက်ပေါက်များမှ ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ပြည်တွင်းရှိ အပျော်စီးသင်္ဘောများဖြင့်လည်းကောင်း လည်ပတ်လျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Mother Ayeyawaddy Travels & Tours Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုတို့ဖြင့် ထိုင်းနိုင်ငံသားဧည့်သည် ၂၇ ဦးသည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ် ၁၀ စီးဖြင့် ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ ထီးခီး-ထားဝယ်-မောင်းမကန်-ထီးခီး ခရီးစဉ်အတိုင်း သွားရောက်လည်ပတ်၍ ထီးခီးနယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသို့ ပြန်လည် ထွက်ခွာသွားကြသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုတိုးမြင့်ဝင်ရောက်နိုင်ရေးအတွက် ခရီးစဉ် ဒေသအသစ်များ ဖော်ထုတ်ခြင်းနှင့် ဘက်ပေါင်းစုံမှ ဖြေလျှော့ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ ထင်ရှားသောဒေသများသို့ စဉ်ဆက်မပြတ်လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**



## ချင်းပြည်နယ်တွင် ဥပဒေအသိပညာပေးဟောပြော



**တွန်းဇံ ဩဂုတ် ၆**

ချင်းပြည်နယ် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ ဥပဒေအသိပညာပေးဟောပြောခြင်းကို ဇူလိုင်လနောက်ဆုံးပတ်က တွန်းဇံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဥပဒေချုပ် ဦးထန်ကျုံး၊ အဖွဲ့ခေါင်းဆောင် ဦးဟရန်အုပ်နော၊ အဖွဲ့ဝင် ဦးနိန်ရှန်တွေ့လ်၊ ခရိုင်တရားသူကြီး ဦးတင်မြ၊ ခရိုင်ဥပဒေအရာရှိ ဦးဆွေဦး၊ ရဲမှူးစိုးမြင့်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆလိုင်းထောင်တို့က ဥပဒေအကြောင်းအရာများ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကိုကိုရှူပ (နေပြည်တော်)**

## အိမ်ထောင်စုစာရင်း မရှိသေးသူများကို အမြန်ဆုံးရအောင် ဆောင်ရွက်ပေးမည်

**ရန်ကုန် ဩဂုတ် ၆**

အိမ်ထောင်စုစာရင်း မရှိသေးသူများကို စီမံချက်ရေးဆွဲပြီး ဥပဒေနှင့်အညီ အမြန်ရအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်သည် ရွှေပြည်သာမြို့နယ် အမှတ် (၁၂)ရပ်ကွက်သို့ ဩဂုတ် ၅ ရက် ညနေ ၄ နာရီက မြို့နယ်အတွင်း သန်းခေါင်စာရင်းမရှိသူများနေကြောင်း တင်ပြမှုနှင့်ပတ်သက်၍ ပြောကြားခြင်းဖြစ်သည်။

ရွှေပြည်သာမြို့နယ်တွင် ရပ်ကွက်ပေါင်း ၂၇ ခုရှိရာ ဩဂုတ် ၄ ရက်အထိ ရပ်ကွက်များမှ အိမ်ထောင်စုစာရင်းလုပ်လိုသူ မိသားစုပေါင်း ၈၇၁၉ စု ရှိနေပြီဖြစ်ကြောင်း ရုံးမှတ်တမ်းများအရ သိရသည်။

**ရွှေမြင့်ဦး(ရွှေပြည်သာ)**

## ဘမ်ရွန်ဂရက်ကျန်းမာရေးပွဲတော် ၂၀၁၉ ပြည်သူများ အခမဲ့ ဝင်ရောက်လေ့လာနိုင်

**ရန်ကုန် ဩဂုတ် ၆**

စတုတ္ထအကြိမ်မြောက် ဘမ်ရွန်ဂရက်ကျန်းမာရေးပွဲတော် ၂၀၁၉ အား ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ မြန်မာပလာဇာ၌ ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နံနက် ၁၀ နာရီမှ ည ၉ နာရီအထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ မည်သူမဆိုအခမဲ့ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

အဆိုပါပွဲတော်အား ဘမ်ရွန်ဂရက်နိုင်ငံတကာဆေးရုံကြီးနှင့် Yangon International Medical Services တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ကျန်းမာရေးအထူးကုနယ်ပယ်အသီးသီးဖြစ်သောပြည်ပနိုင်ငံများရှိ ဆရာဝန်ကြီး ခြောက်ဦးက ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် အခမဲ့ဆွေးနွေးခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ ထိုင်းနိုင်ငံသို့သွားရောက်ဆေးကုသမှုခံယူခြင်းအတွက် လိုအပ်သောဝန်ဆောင်မှုအားလုံးကို ပွဲတော်ကာလအတွင်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမြင့်အောင်**

## တစ်နိုင်ငံလုံးပထမနေရာမှ (၇)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သော ကမ္ဘောဇဘဏ်အားဂုဏ်ပြု

**ရန်ကုန် ဩဂုတ် ၆**

နိုင်ငံတော်နှင့် ပြည်သူအတွက် တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၇) နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သောကြောင့် ကမ္ဘောဇဘဏ်အား အထူးဂုဏ်ထူးဆောင်ဆု အပါအဝင် အခွန်အများဆုံး ထမ်းဆောင်သူ လုပ်ငန်းရှင်ဆုများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယမန်နေ့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။




၂၀၁၁-၂၀၁၂ မှ ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်ကာလအတွင်း ကျပ်ငွေစုစုပေါင်း ၁၃၈ ဘီလီယံကျော်ဖြင့် တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၇) နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော ကမ္ဘောဇဘဏ်အား ဂုဏ်ပြုဆုဖလား၊ လည်ဆွဲနှင့် အထူးဂုဏ်ထူးဆောင်ဆု၊ ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် ကျပ်ငွေ ၃၁ ဘီလီယံကျော်ဖြင့် တစ်နိုင်ငံလုံးတွင် ပထမနေရာမှ ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့သော ကမ္ဘောဇဘဏ်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ရန်ကုန်တိုင်းဒေသကြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွင် ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ပထမရရှိခဲ့သည့် ကမ္ဘောဇဘဏ်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာတို့အား အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့အပြင် ကမ္ဘောဇအုပ်စုကုမ္ပဏီများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ Insurence) နှင့် ဂျိမ်းဖော အောင်ကုမ္ပဏီတို့ကိုလည်း ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံး ပေးဆောင်ခဲ့သောကြောင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ကျော်**

## တိုတိုထွာထွာဖတ်စရာ

### မန္တလေးတွင် လူဦးရေစာရင်းကောက်ယူ

**မန္တလေး**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက် အမှတ် (၅၃၆) အကျော်စုရပ်ကွက်၌ ဩဂုတ် ၅ ရက် ညနေပိုင်းက တစ်အိမ်တက်ဆင်း လူဦးရေစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ကြရာ စာရင်းကောက်ယူနေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

### ယာဉ်၊ လမ်းစည်းကမ်း စစ်ဆေးပညာပေး

**ဆော**

ဆောမြို့ ဗိုလ်ချုပ်လမ်းဆုံနှင့် ဆော-ကန်ပက်လက်လမ်းဆုံတို့၌ ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရှင်းလင်းခြင်း စစ်ဆေးပညာပေးဆောင်ရွက်ခဲ့ကြသည်။

ဒု- ရဲအုပ်လဲ့လဲ့ဇော် ဦးဆောင်သည့်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်း ကြီးကြပ်ရေးဥက္ကဋ္ဌ ဦးဖြိုးဝင်းကျော်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြို့အတွင်း ပြေးဆွဲနေသော ယာဉ်လိုင်းများအား ယာဉ်၊ လမ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ ပြေးဆွဲခြင်း ရှိ၊ မရှိ၊ မော်တော်ယာဉ် ၂၁ စီးအား စစ်ဆေးခြင်း၊ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကျော်သန်းဆွေ (ဂန့်ဂေါ)**

### နေပြည်တော်မိသားစု စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**နေပြည်တော်**

နေပြည်တော်မိသားစု ပရဟိတအသင်းက (၄၇) ကြိမ်မြောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ တစ်ထောင်ဝင်ကုန်းတော် အောင်ဇမ္ဗူဘုန်းတော်ကြီးကျောင်းတိုက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

နေပြည်တော်မိသားစု ပရဟိတအသင်းအနေဖြင့် တစ်လလျှင် တနင်္ဂနွေနှစ်ပတ် နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိပြီး အခါကြီးရက်ကြီးများတွင် ဆီမီး၊ ပန်း၊ ဆွမ်းဆက်ကပ်ခြင်း များလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

### ကျိုက်လတ်တွင် ကွန်ကရစ်လမ်းသစ်ဖွင့်

**ကျိုက်လတ်**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၄ ဒသမ ၉၄ သိန်းဖြင့် အခြံချောင်းကျေးရွာတွင် အရှည် ပေ ၁၄၀၀၊ အကျယ် ငါးပေရှိ ကွန်ကရစ်လမ်းဖွင့်ပွဲကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခြံချောင်းကျေးရွာသည် အိမ်ခြေ ၁၈၉ အိမ်၊ လူဦးရေ ၉၇၁ ဦး ရှိပြီး ယခုကဲ့သို့ ကွန်ကရစ်လမ်း ဖွင့်လှစ်နိုင်ခြင်းအားဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သွားလာရေးကိစ္စရပ်များတွင် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။ **ကိုလွင်(ဆွာ)**



## သတင်းစာဆရာအသင်း အစည်းအဝေးပြုလုပ်

**ရန်ကုန် ဩဂုတ် ၆**

အလုံမြို့နယ် သတင်းစာဆရာအသင်း စုံညီအစည်းအဝေးကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက အလုံမြို့နယ် သစ်တောရပ်ကွက်ရှိ အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး သတင်းစာဆရာအသင်း နာယက ဒါရိုက်တာ မောင်ယဉ်ကျော်၊ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် သတင်းစာဆရာအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ သတင်းစာဆရာအသင်း နာယကကြီးတို့က အမှာစကားပြောကြားပြီး နှစ်ပတ်လည်အစီရင်ခံစာကို မြို့နယ်သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးသီဟချစ် (သီဟ-အလုံ)က ဖတ်ကြားခဲ့ကြောင်း သိရသည်။ **မောင်မောင် (လျှပ်စစ်)**

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးနေသော ကော်မတီတစ်ခုဖြစ်ပြီး အဆိုပါကော်မတီ၏ ဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်-

# အခြေခံမူခြောက်ချက်က ဖြောင့်မတ်တည်ကြည်မှုရှိရမယ်၊ တာဝန်ယူမှုရှိရမယ်၊ တာဝန်ခံမှုရှိရမယ်၊ ပွင့်လင်းမြင်သာမှုရှိရမယ်၊ မျှတမှုရှိရမယ်၊ အားလုံးပါဝင်နိုင်မှုရှိရမယ်ဆိုတဲ့အချက်တွေ ဖြစ်ပါတယ်

ညောင်လေးပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း

## လွှတ်တော်ကိုယ်စားလှယ်ကျင့်ဝတ်(မူကြမ်း)နှင့်ပတ်သက်သည့် စကားဝိုင်းကျင်းပ

ရှင်မင်း၊ ဓာတ်ပုံ-ကေကေ

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက ရေးဆွဲခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်ကျင့်ဝတ်(မူကြမ်း)နှင့်ပတ်သက်သည့် စကားဝိုင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ညောင်လေးပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်တို့ ဇူလိုင် ၁၇ ရက်က ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရုံး၌ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်။



ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ UK House of Commons မှ Mr.Laim Laurence Symth အား ဇူလိုင် ၃၁ ရက်တွင် လက်ခံတွေ့ဆုံစဉ်။

**ဒေါက်တာလှမိုး**။ ။ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအနေနဲ့ သက်တမ်း သုံးနှစ်ခွဲကာလကျော်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအနေနဲ့ လုပ်ငန်းတာဝန်တွေ မြောက်မြားစွာရှိပါတယ်။ အဓိကလုပ်ရတဲ့ လုပ်ငန်းတာဝန်တွေကတော့ လွှတ်တော်ကျင်းပတဲ့အခါ နေ့စဉ် လွှတ်တော်ရဲ့လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ရသလို လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အစိုးရကြားမှာရှိတဲ့ ပွတ်တိုက်မှုတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ မဲဆန္ဒရှင်ပြည်သူတွေကြားမှာရှိတဲ့ ပွတ်တိုက်မှုတွေ၊ လွှတ်တော်ကိုယ်စားလှယ်အချင်းချင်းကြားမှာရှိတဲ့ ပွတ်တိုက်မှုတွေကို ဖြေရှင်းဆောင်ရွက်ပေးနေတဲ့ ကော်မတီတစ်ခုလည်းဖြစ်ပါတယ်။ ဥပဒေအတွင်းကနေ လွှတ်တော်ကိုယ်စားလှယ်တွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကိုရရှိအောင် ဆောင်ရွက်ပေးနေတဲ့ ကော်မတီတစ်ခုလည်း ဖြစ်ပါတယ်။

### လေ့လာဆောင်ရွက်လျက်ရှိ

ဒီတာဝန်တွေအပြင် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကို ကျွန်တော်တို့ ကော်မတီကနေ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုအချိန်မှာ ဥပဒေကို စပြီး ကျင့်သုံးနေပါပြီ။ ဒါက ကျွန်တော်တို့ကော်မတီရဲ့ အောင်မြင်မှုတစ်ခုပါ။ ပြီးတော့ ကျွန်တော်တို့အနေနဲ့ ပြုပြင်ပြောင်းလဲပြဋ္ဌာန်းဖို့ လိုအပ်တဲ့ဥပဒေပေါင်း ၄၀ ကျော်ကိုလည်း လေ့လာဆောင်ရွက်လျက်ရှိပါတယ်။

### ကျင့်ဝတ်အနေနဲ့ လိုက်နာ

အခု ကျွန်တော်တို့ကော်မတီအနေနဲ့ ဆောင်ရွက်နေတဲ့အရာတစ်ခုရှိပါတယ်။ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်ကျင့်ဝတ်(မူကြမ်း)ကို ရေးဆွဲလျက်ရှိပါတယ်။ ဒီလိုရေးဆွဲနိုင်ဖို့ အစည်းအဝေးတွေ အများကြီးပြုလုပ်ပြီး တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ ဒီနေ့မှာတော့ လွှတ်တော်ကိုယ်စားလှယ် ကျင့်ဝတ်(မူကြမ်း)နဲ့ ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေအတွက် ကျင့်ဝတ်လိုအပ်ပါတယ်။ ဘာကြောင့် လိုအပ်သလဲဆိုရင် လွှတ်တော်ထဲမှာရှိတဲ့ ကိုယ်စားလှယ်တွေနဲ့ပတ်သက်ပြီး ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေရှိတယ်။ ဒီလိုရှိပေမယ့် ကျင့်ဝတ်ဆိုတာလည်း လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ၊ နိုင်ငံတကာမှာ အဖွဲ့အစည်းတိုင်းဟာ ကျင့်ဝတ်ရှိကြပါတယ်။ တချို့အရာတွေမှာ ဥပဒေ၊ နည်းဥပဒေအနေနဲ့ ပြဋ္ဌာန်းမထားပေမယ့် ကျင့်ဝတ်အနေနဲ့ လိုက်နာဆောင်ရွက်ရတာရှိပါတယ်။

### ယုံကြည်လေးစားလိုက်နာ

ဥပဒေနဲ့ ပြဋ္ဌာန်းထားတာမဟုတ်ပေမယ့် ကျင့်ဝတ်တွေကို လိုက်နာပြီး ကိုယ့်ရဲ့အဖွဲ့အစည်းကို အများသူငါ ယုံကြည်လေးစားလိုက်နာဖို့အတွက် ချမှတ်ကျင့်သုံးကြတာဖြစ်ပါတယ်။ ဥပဒေမှာ မပါပေမယ့် လိုက်နာဖို့လိုအပ်တဲ့အရာတွေကို ကျင့်ဝတ်တွေအဖြစ် လေးစားလိုက်နာရင် မဲဆန္ဒရှင်တွေက လွှတ်တော်ကိုယ်စားလှယ်တွေအပေါ်မှာ ယုံကြည်မှု ပိုမိုမြင့်တက်လာမှာဖြစ်ပါတယ်။

### ခိုင်မာတောင့်တင်းစေဖို့ဦးတည်

ယုံကြည်မှုမြင့်တက်လာတာနဲ့အမျှ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီစနစ်ဟာ ပိုမိုပြီးခိုင်မာတောင့်တင်းလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားလှယ်များ(ကျင့်ဝတ်)ကို ရေးဆွဲရခြင်းဖြစ်ပါတယ်။ ပထမအကြိမ်လွှတ်တော်သက်တမ်းမှာကတည်းက ဒီကျင့်ဝတ်ကို ရေးဆွဲဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာတော့ မူကြမ်းအဆင့်ပြီးစီးသွားပြီဖြစ်ပါတယ်။

ဒီကျင့်ဝတ်ကို ရေးဆွဲတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အနာဂတ်မျှော်မှန်းချက်နဲ့ တာဝန်ကို ဦးတည်ရေးဆွဲထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ အားလုံးရဲ့မျှော်မှန်းချက်က ကျွန်တော်တို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်နိုင်ငံအဖြစ် ထူထောင်တဲ့အခါ မြန်မာ့လွှတ်တော်အဖွဲ့အစည်း ခိုင်မာတောင့်တင်းစေဖို့အတွက် နံပါတ်တစ် ဦးတည်ပါတယ်။

### မဖြစ်မနေဆောင်ရွက်

လွှတ်တော်ကိုယ်စားလှယ်တွေမှာ အဓိကလုပ်ငန်းတာဝန် သုံးရပ်ရှိပါတယ်။ ဘာတွေလဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်တိုင်း မဖြစ်မနေဆောင်ရွက်ရတဲ့လုပ်ငန်းက ဥပဒေပြုခြင်းပါ။ ဥပဒေအသစ် ပြဋ္ဌာန်းခြင်း၊ ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နိုင်ငံတော်အတွက် အရေးကြီးတဲ့ စီမံကိန်းဘတ်ဂျက်ဆိုင်ရာဥပဒေတွေ ပြဋ္ဌာန်းခြင်းတွေကို ကျွန်တော်တို့ မဖြစ်မနေဆောင်ရွက်ရပါတယ်။

### မှန်ကန်တည့်မတ်စွာ တာဝန်ထမ်းဆောင်

ဒုတိယက စောင့်ကြည့်ထိန်းညှိခြင်းပါ။ မဏ္ဍိုင်သုံးရပ် အပြန်အလှန် ထိန်းကျောင်းခြင်းတာဝန်ကိုလည်း ထမ်းဆောင်ရပါတယ်။ တတိယက မဲဆန္ဒရှင်တွေရဲ့ တာဝန်ကို ထမ်းဆောင်ခြင်းပါ။ ဒီလုပ်ငန်းတာဝန်တွေကို ထမ်းဆောင်တဲ့အခါ လွှတ်တော်ကိုယ်စားလှယ်တွေ ကျင့်ဝတ်ကို လေးစားလိုက်နာခြင်းအားဖြင့် ကျွန်တော်တို့ နိုင်ငံ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံထူထောင်တာကို အထောက်အပံ့ဖြစ်စေဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်။

ကျင့်ဝတ်တွေ ရေးဆွဲရတဲ့ရည်ရွယ်ချက်တွေ ရှိပါသေးတယ်။

နံပါတ်တစ်က မြန်မာနိုင်ငံ လွှတ်တော်အရပ်ရပ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ဂုဏ်သိက္ခာနဲ့အညီ မှန်ကန်တည့်မတ်စွာ တာဝန်ထမ်းဆောင်ဖို့အတွက် လမ်းညွှန်အနေနဲ့ အသုံးပြုနိုင်ဖို့ဖြစ်ပါတယ်။

### သမာသမတ်ကျစွာ ထမ်းဆောင်

နံပါတ်နှစ်က လွှတ်တော်ကိုယ်စားလှယ်တွေဟာ တည်ဆဲဥပဒေတွေကိုသာမက ဒီထက်မြင့်မားတဲ့ ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းတွေကို လိုက်နာဖို့ဖြစ်ပါတယ်။ နံပါတ်သုံးက လွှတ်တော်ကိုယ်စားလှယ်ရဲ့တာဝန်ဝတ္တရားတွေကို ကျင့်ဝတ်တွေနဲ့အညီ သမာသမတ်ကျစွာနဲ့ ထမ်းဆောင်ခြင်းအားဖြင့် ပြည်သူလူထုနဲ့ မဲဆန္ဒနယ်တွေအကျိုး ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ နံပါတ်လေးက လွှတ်တော်ကိုယ်စားလှယ်တွေ လိုက်နာစောင့်ထိန်းရတဲ့ ကျင့်ဝတ်တွေကို အများပြည်သူက သိရှိနားလည်ပြီး ပြည်သူရဲ့ယုံကြည်အားကိုးမှု မြင့်တက်လာဖို့ ဖြစ်ပါတယ်။ နံပါတ်ငါးက လွှတ်တော်ကိုယ်စားလှယ်တွေ ကျင့်ဝတ်လိုက်နာမှု ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့ ဖြစ်ပါတယ်။

ဒီလိုကျင့်ဝတ်တွေ ရေးဆွဲပြီး ဘာတွေဆောင်ရွက်မယ်ဆိုတာကို ကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ဒေါက်တာမြင့်သိန်းက ဆက်ပြီးရှင်းပြသွားမှာဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း**။ ။ကျင့်ဝတ်နဲ့ပတ်သက်ပြီး အခြေခံမူတွေ ချမှတ်ထားပါတယ်။ အခြေခံမူ ခြောက်ချက်ရှိပါတယ်။ Code of Conduct ခေါ်တဲ့ ကျင့်ဝတ်မှာ အခန်းပေါင်း ငါးခန်းရှိပြီးတော့ ဒီအပေါ်ကနေမှ အခြေခံမူ ခြောက်ချက်သတ်မှတ်ခဲ့ပါတယ်။ အခြေခံမူခြောက်ချက်က ဖြောင့်မတ်တည်ကြည်မှုရှိရမယ်၊ တာဝန်ယူမှုရှိရမယ်၊ တာဝန်ခံမှုရှိရမယ်၊ ပွင့်လင်းမြင်သာမှုရှိရမယ်၊ မျှတမှုရှိရမယ်၊ အားလုံးပါဝင်နိုင်မှုရှိရမယ်ဆိုတဲ့အချက်တွေ ဖြစ်ပါတယ်။

စာမျက်နှာ ၁၉ သို့ ❖

> “ဥပဒေနဲ့ ပြဋ္ဌာန်းထားတာမဟုတ်ပေမယ့် ကျင့်ဝတ်တွေကိုလိုက်နာပြီး ကိုယ့်ရဲ့အဖွဲ့အစည်းကို အများသူငါ ယုံကြည်လေးစားလိုက်နာဖို့အတွက် ချမှတ်ကျင့်သုံးကြတာ ဖြစ်ပါတယ်။ ဥပဒေမှာ မပါပေမယ့် လိုက်နာဖို့လိုအပ်တဲ့ အရာတွေကို ကျင့်ဝတ်တွေအဖြစ် လေးစားလိုက်နာရင် မဲဆန္ဒရှင်တွေက လွှတ်တော်ကိုယ်စားလှယ်တွေအပေါ်မှာ ယုံကြည်မှု ပိုမိုမြင့်တက်လာမှာဖြစ်”

❖ စာမျက်နှာ ၁၈ မှ

ဒီအချက်ခြောက်ချက်ထဲက ဖြောင့်မတ်တည်ကြည်မှုနဲ့ပတ်သက်ပြီး နည်းနည်းလောက် ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီဆိုကတည်းက၊ ကိုယ်စားလှယ်လောင်းဖြစ်ပြီဆိုကတည်းက ပြည်သူတွေက ဖြောင့်မတ်တည်ကြည်မှုကို ကြည့်ကြပါတယ်။ အရပ်ထဲမှာ၊ ရွာထဲမှာ၊ မြို့ထဲမှာ ဒီလူဟာ ဖြောင့်မတ်တည်ကြည်မှုရှိလား၊ မရှိဘူးလား။ ဒါကို ဘယ်အပေါ်မှာ ကြည့်ကြသလဲဆိုရင် ငွေကြေးကိစ္စ၊ ပစ္စည်းကိစ္စ ဒါတွေအပေါ်မှာ ကြည့်ကြပါတယ်။ ဒီလိုပဲ Code of Conduct မှာလည်း သတ်မှတ်ထားတဲ့အချက်တွေ ရှိပါတယ်။ နံပါတ်တစ်အချက်က ငွေကြေးဆိုင်ရာမှာ လွှတ်တော်ကိုယ်စားလှယ်ရဲ့တာဝန်နဲ့ ဆက်စပ်ပြီး မိသားစု၊ မိတ်ဆွေတွေအတွက် လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်တာမျိုး မရှိရပါဘူး။ ဒီလိုပဲ နိုင်ငံတော်ပိုင်ပစ္စည်းတွေ၊ လွှတ်တော်ဆိုရင်လည်း လွှတ်တော်နဲ့ဆိုင်တဲ့ နေရာမှာပဲ သုံးခွင့်ရှိပါတယ်။ ပုဂ္ဂလိကအကျိုးအမြတ်အတွက် သုံးတာတွေ ရှောင်ရမယ်။ ဒါတွေလုပ်တာဟာ ဖြောင့်မတ်တည်ကြည်မှုဆိုတဲ့အချက်ကို ချိုးဖောက်တာ ဖြစ်ပါတယ်။



**မှန်မှန်ကန်ကန်ဖြစ်အောင် စောင့်ထိန်း**

ဒီလိုပဲ ကိုယ့်ရဲ့လုပ်ပိုင်ခွင့်ကို အသုံးပြုပြီး မိသားစု၊ မိတ်ဆွေတွေ၊ နီးနွယ်ဆက်စပ်သူတွေအတွက် အထူးအခွင့်အရေးခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးခွင့် မရှိပါဘူး။ ပြီးတော့ ဥပဒေပြုရေးလုပ်ငန်းတွေ ဒါမှမဟုတ် ပြည်ထောင်စုဘဏ္ဍာငွေ ခွဲဝေရေးကိစ္စလိုမျိုးမှာ အကျိုးရှိစေချင်တဲ့သူတွေအတွက် ရည်ရွယ်လုပ်တာမျိုး၊ တံစိုးလက်ဆောင်လက်ခံတာမျိုး ဒါမျိုးတွေကိုလည်း ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

ကိုယ့်ရဲ့အခွင့်အရေးကို မျှော်မှန်းပြီးတော့လည်း တာဝန်နဲ့ လုပ်ပိုင်ခွင့်ကို အသုံးပြုလို့မရပါဘူး။ ဥပမာ လွှတ်တော်ကိုယ်စားလှယ်တွေက တင်ဒါခေါ်တဲ့ ကိစ္စတွေ မှန်မှန်ကန်ကန်ဖြစ်အောင် စောင့်ထိန်းကြည့်ရှုရမှာ ဖြစ်ပါတယ်။

**လွှတ်တော်ရဲ့ဂုဏ်သိက္ခာ**

နောက်တစ်ခုက လျှို့ဝှက်ထိန်းသိမ်းရမယ့်ကိစ္စတွေရှိပါတယ်။ လွှတ်တော်ထဲမှာ သဘောထားဆန္ဒခံယူဆွေးနွေးဆုံးဖြတ်တာမျိုး မလုပ်ရသေးတဲ့ကိစ္စတွေကို ပြင်ပကို မပေါက်ကြားအောင် ထိန်းသိမ်းဆောင်ရွက်ရမှာပါ။ ငွေကြေးဆိုင်ရာကိစ္စတွေကို ဆောင်ရွက်တဲ့အခါမှာ ကိုယ့်ဘက်က ကိုယ့်ကြောင့် နှောင့်နှေးကြန့်ကြာမှုမရှိစေဖို့ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

နောက်ထပ် သတ်မှတ်ထားတာကတော့ ဘယ်နည်းနဲ့မှ တံစိုးလက်ဆောင်ယူတာမျိုး မဖြစ်ရပါဘူး။ ကိုယ့်ရဲ့ အကျိုးစီးပွားနဲ့ ဆက်နွယ်ပြီး တံစိုးလက်ဆောင်ပေးတာ၊ ယူတာ ဒါတွေကို ရှောင်ရမယ်။ ဒါက အကျင့်စာရိတ္တနဲ့ ပတ်သက်တာတွေပါ။

အခြေခံမူ ခြောက်ချက်ထဲက တာဝန်ယူမှုဆိုတဲ့ အချက်နဲ့ပတ်သက်ပြီးတော့ ဒေါ်နန်းထွေးသူက ဆက်ပြီး ရှင်းပြမှာဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ**။ ။တာဝန်ယူမှုနဲ့ပတ်သက်ပြီး အခြေခံမူမှာပါရှိတာ အချက် ၁၀ ချက်ရှိပါတယ်။ တာဝန်ယူမှုဆိုတာ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် အင်မတန်အရေးကြီးပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့လုပ်ဆောင်ချက်တွေဟာ တာဝန်ယူမှုရှိဖို့ လိုအပ်ပါတယ်။ ဒီလိုတာဝန်ယူမှုရှိခြင်းဟာ လွှတ်တော်ရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းတာလည်း ဖြစ်ပါတယ်။

**တာဝန်ယူမှုရှိရန်လို**

နံပါတ်တစ်က အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုနဲ့ ဝတ်စားဆင်ယင်မှုတွေပါ။ ကိုယ့်ရဲ့ကိုယ်စားပြုမှုကို လေးစားတဲ့အနေနဲ့ လျော်ညီစွာ ဂုဏ်သိက္ခာရှိအောင် နေထိုင်ရမှာ ဖြစ်ပါတယ်။ နံပါတ်နှစ်အနေနဲ့ လွှတ်တော်အတွင်းမှာ အဆိုတွေ တင်မယ်၊ မေးခွန်းတွေ မေးမယ်၊ ဆွေးနွေးကြမယ်၊ ဆန္ဒမဲပေးပြီး ဆုံးဖြတ်ကြမယ်၊ ဒီလို ဆောင်ရွက်တဲ့လုပ်ငန်းစဉ်တိုင်းအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီက တာဝန်ယူမှုရှိရမှာ ဖြစ်ပါတယ်။ ဒီလိုတာဝန်ယူဆောင်ရွက်ပေးလိုတဲ့ စိတ်ဆန္ဒလည်း ရှိရမှာ ဖြစ်ပါတယ်။ ရှိဖို့လည်း လိုပါတယ်။

**ရိုးသားစွာ ဆောင်ရွက်**

နံပါတ်သုံးအချက်အနေနဲ့ လွှတ်တော်အတွင်းမှာ မေးခွန်းမေးမြန်းမှုတွေ၊ ဆွေးနွေးမှုတွေနဲ့ပတ်သက်ပြီးတော့မှ ရိုးသားစွာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လိမ်လည်လှည့်ဖြားဆောင်ရွက်တာမျိုး ရှောင်ရမှာဖြစ်ပါတယ်။ နံပါတ်လေးအချက်က လွှတ်တော်အတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆောင်ရွက်ချက်နဲ့ပတ်သက်ပြီး အလဲအလှယ်သဘောနဲ့ တန်ဖိုးရှိရှိ၊ မရှိရှိပါ။ ပြီးတော့ နစ်နာကြေးသဘောမျိုး ကမ်းလှမ်းတာမျိုးတွေ ဒါတွေကို လက်ခံခြင်းမပြုဖို့ဖြစ်ပါတယ်။

**ရှောင်ကြဉ်ရမှာဖြစ်**

နံပါတ်ငါးအချက်က လွှတ်တော်ခွင့်ခံစားခြင်းပါ။ ဒီလို ခွင့်ခံစားရာမှာလည်း ရိုးသားမှုရှိဖို့ပါ။ စည်းမျဉ်းစည်းကမ်း၊ စနစ်တွေကို အလွဲသုံးမှုမပြုကြဖို့ပါ။ အခွင့်အရေးယူတဲ့ ပုံစံမျိုးမဖြစ်ဖို့ပါ။ နံပါတ်ခြောက်က အချိန်နဲ့ လုပ်အားကို ရာနှုန်းပြည့် စိုက်ထုတ်လုပ်ဆောင်ဖို့ပါ။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ လုပ်ငန်းတာဝန်ထမ်းဆောင်မှုကို ထိခိုက်စေနိုင်တဲ့ ပြင်ပလုပ်ငန်းတွေ လုပ်ကိုင်တာမျိုးကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

**ရှင်းလင်းပြောကြားရမှာဖြစ်**

နံပါတ်ခုနစ်အချက်က ပရဟိတအသင်းအဖွဲ့တွေမှာ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပါဝင်ဆောင်ရွက်နိုင်ပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ မူရင်းတာဝန်တွေကို ပျက်ကွက်ပြီးတော့ လုပ်ဆောင်တာမျိုးမဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နံပါတ်ရှစ်အချက်က မဲဆန္ဒနယ်မြေအတွင်းမှာ မဲဆန္ဒရှင်ပြည်သူတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ တွေ့ဆုံတဲ့အခါ လွှတ်တော်အတွင်းမှာ ဆောင်ရွက်နေတာ၊ မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေတာတွေကို ရှင်းလင်းပြောကြားရမှာ ဖြစ်ပါတယ်။

**တာဝန်ခံပြီး ဆောင်ရွက်ပေးရမှာဖြစ်**

နံပါတ်ကိုးအချက်က ပြည်သူတွေရဲ့တိုင်ကြားမှုတွေ၊ နစ်နာမှုတွေ၊ ပြည်သူတွေရဲ့အကြံပေးမှုတွေကို စနစ်တကျမှတ်တမ်းတင်ဖို့ပါ။ မှတ်တမ်းတင်ထားပြီး ခွဲခြမ်းစိတ်ဖြာသုံးသပ်တာ၊ တွေ့ရှိချက်တွေနဲ့ပတ်သက်ပြီး အကြံပြုချက်တွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေကို ဆက်ပြီးတော့ အစီရင်ခံတင်ပြတဲ့ စနစ်တစ်ခုထားရှိရမှာ ဖြစ်ပါတယ်။ နောက်ဆုံး နံပါတ် ၁၀ ကတော့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ပေးပို့စာတွေနဲ့ပတ်သက်ပြီး သင့်လျော်တဲ့ အချိန်ကာလအတွင်းမှာပေးပို့တဲ့ ပြည်သူတွေထံ ကောင်းမွန်စွာအကြောင်းပြန်ကြားပေးရမှာဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်**။ ။အခြေခံမူ ခြောက်ချက်ထဲမှာ တာဝန်ယူမှုအပြင်တာဝန်ခံမှုလည်း ပါပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ မဲဆန္ဒနယ်တွေရဲ့ အလေးထားအပ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ မဲဆန္ဒနယ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်ပေးရမယ့် လုပ်ငန်းတွေရှိပါတယ်။ ကိုယ့်မဲဆန္ဒနယ် ဖွံ့ဖြိုးဖို့ စီမံကိန်းတွေအတွက် ဘဏ္ဍာငွေတွေ တင်ပြတောင်းခံရမှာ ဖြစ်ပါတယ်။ ပြီးတော့ ပြည်သူတွေအတွက် လိုအပ်တဲ့အပိုင်းတွေ၊ လွှတ်တော်မှာ အဆိုတင်သွင်းတာ၊ မေးခွန်းတွေ မေးမြန်းပေးတာ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးတာတွေကိုလည်း တာဝန်ခံပြီး ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

**ပွင့်လင်းမြင်သာမှု**

အခြေခံမူရဲ့နောက်တစ်ချက်က ပွင့်လင်းမြင်သာမှုကလည်း လွှတ်တော်ကိုယ်စားလှယ်တွေအတွက် အင်မတန်အရေးကြီးပါတယ်။ လွှတ်တော်ထဲမှာ၊ ကိုယ့်ရဲ့မဲဆန္ဒနယ်မှာ ကိုယ့်ရဲ့ဆောင်ရွက်မှုတွေဟာ ရှင်းရှင်းလင်းလင်းနဲ့ ပွင့်လင်းမြင်သာမှုရှိဖို့ လိုအပ်ပါတယ်။ နောက်ထပ်အခြေခံမူတစ်ခုက မျှတမှုပါ။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ မျှတစွာ ဆောင်ရွက်တတ်မှုတွေဟာ လွှတ်တော်ကိုယ်စားလှယ်အတွက်သာမက ပြည်သူတွေအတွက်လည်း အရေးကြီးပါတယ်။ ဒီလိုမျှတဖို့အတွက် လူမျိုး၊ ဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ အမျိုးသား၊ အမျိုးသမီး ဒါတွေအပေါ်မှာ ခွဲခြားမှုမရှိဘဲ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

**အတူတကွ လက်တွဲပါဝင်**

နောက်ဆုံးအချက်ကိုလည်း တစ်ဆက်တည်း ဆွေးနွေးချင်ပါတယ်။ အားလုံးပါဝင်နိုင်မှုပါ။ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေ၊ လွှတ်တော်ရဲ့ ရည်မှန်းချက်တွေနဲ့ မဆန့်ကျင်ဘူးဆိုရင် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ အင်န်ဂျီအိုအဖွဲ့တွေ ဒီလို အဖွဲ့အစည်းတွေရဲ့ပါဝင်မှုတွေကို စိတ်အားထက်သန်စွာ ကြိုဆိုပေးရမှာဖြစ်ပါတယ်။ အတူတကွ လက်တွဲပါဝင်နိုင်ဖို့ အတွက်လည်း စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒါတွေက အခြေခံမူတွေပါ။

**ဒေါက်တာလှမိုး**။ ။အခန်းငါးခန်းပါရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ကျင့်ဝတ်မှာ နောက်ဆုံးအခန်းငါးမှာဖော်ပြထားတဲ့ ကတိကဝတ်အပိုင်းကို ဆွေးနွေးချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ Vision၊ Mission တွေကိုလည်း ပြောပြပြီးသွားပါပြီ။ ကျင့်ဝတ်ကို ဘာကြောင့်ရေးဆွဲတယ်ဆိုတာကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ အခြေခံမူတွေကိုလည်း ပြောပြခဲ့ကြပါတယ်။ ကျင့်ဝတ်က အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံအဖြစ် တည်ထောင်နေတဲ့အချိန်ဖြစ်ပါတယ်။ ဒီလို တူထောင်ရာမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အခန်းကဏ္ဍဟာ အရေးကြီးပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ မဲဆန္ဒရှင်ပြည်သူတွေနဲ့၊ အစိုးရအဖွဲ့နဲ့၊ တရားစီရင်ရေး ကဏ္ဍတွေအကြားမှာ အပြန်အလှန်ထိန်းကျောင်းမှု အနေနဲ့ ဒီကျင့်ဝတ်တွေ လိုက်နာဆောင်ရွက်နေပါတယ်ဆိုတာက လွှတ်တော်ကိုယ်စားလှယ်တွေအပေါ်မှာ ယုံကြည်မှုတိုးပွားစေပါတယ်။

**ဖော်ဆောင်သွားနိုင်ဖို့ မျှော်လင့်**

ဒီလို လွှတ်တော်ကိုယ်စားလှယ်တွေအပေါ်မှာ ယုံကြည်မှုတိုးပွားလာမှ လွှတ်တော်အပေါ်မှာ ယုံကြည်မှုတိုးပွားလာမှာဖြစ်ပါတယ်။ လွှတ်တော်အပေါ်မှာ ယုံကြည်မှုတိုးပွားလာမှ ဒီမိုကရေစီစနစ်က ပိုပြီးခိုင်မာလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကျင့်ဝတ်က အရေးကြီးတယ်လို့ပြောတာ ဖြစ်ပါတယ်။ ဒီအတွက် ကြိုးစားပြီး ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒီလိုရေးဆွဲထားတယ်ဆိုတာကလည်း မူကြမ်းအဆင့်ပဲ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ရေးဆွဲခဲ့တယ်။ ရေးဆွဲခဲ့တဲ့ ဒီမူကြမ်းကို ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေထံ ပေးပို့တင်ပြရမှာဖြစ်ပါတယ်။ ဆက်လက်ဆွေးနွေးရဦးမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးကြပြီး အားလုံးသဘောတူညီပြီဆိုမှ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေနဲ့လည်း ညှိနှိုင်းရဦးမှာဖြစ်ပါတယ်။ အားလုံးပြီးစီးသွားပြီး သဘောညီမျှတဲ့ ကျင့်ဝတ်တစ်ခုထွက်လာပြီဆိုမှ တရားဝင်စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီကျင့်ဝတ် ဘယ်အချိန်မှာ စတင်အသက်ဝင်မှာလဲဆိုတာက လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးပြီး အားလုံးသဘောတူညီချက်ရပြီးမှ အသက်ဝင်မှာဖြစ်ပါတယ်။ ဒီလိုအသက်ဝင်ပြီးသွားပြီဆိုရင်လည်း ဘယ်အချိန်မှာအကျုံးဝင်သလဲဆိုရင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကတိသစ္စာပြုပြီးတဲ့အချိန်ကနေစပြီး လိုက်နာကြရမယ့် ကျင့်ဝတ်ဖြစ်ပါတယ်။ ဒီမူကြမ်းကို အဆင့်ဆင့်ဆောင်ရွက်ပြီး ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမကုန်ခင်မှာ ဖော်ဆောင်သွားနိုင်ဖို့ မျှော်လင့်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။



ဒေါက်တာမြင့်သိန်း



ဒေါ်နန်းထွေးသူ



ဒေါက်တာလှမိုး



ဒေါက်တာစောနိုင်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၃-၈-၂၀၁၉ ရက်က နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ် (ပဥ္စမသက်တမ်း)၏ ဒသမအကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးတွင် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းပြီး ပြင်ဆင်ဖြည့်စွက်ရေးဆွဲထားသော အသင်းချုပ်၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများအား အတည်ပြုခဲ့ခြင်းကို အသင်းချုပ်၏ အသင်းခွဲ(၆)သင်းအနက် အသင်းခွဲတစ်ခုဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (စစ်ကိုင်း)မှ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အပြည့်အဝထောက်ခံအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**စစ်ကိုင်းတိုင်းဒေသကြီးကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)**

**လိုင်စင်အမှတ်-၁၂၄/၂၀၁၅-၂၀၁၆ (အသင်း)**


**နံ့ဗိ ဒေါ်အေးအေးမော် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

ဘုရားရှင် တို့ ပွင့်တွမ်းရာ မဇ္ဈိမဒေသသို့ ကုသိုလ်ယူ ဘုရားဖူးသွားလိုသူများအား ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် နွေးထွေးစွာ ကိုယ်တိုင်တာဝန်ယူပို့ဆောင်ပေးမည် ဖြစ်ကြောင်း ဘုရားဖူး မိတ်ဆွေများ မိတ်သစ်များကို သတင်းကောင်းပါး အပ်ပါသည်။

(၁၀) ဦး စုစည်းပြီး လိုက်ပါလျှင် (၁) ဦး အခမဲ့လိုက်ပါခွင့်ပေးပါသည်။

- (၈) ရက် (၁၀) သိန်း (၆) သောင်း - (၄ - ဌာန အိန္ဒိယ+နီပေါ)
- (၁၂) ရက် (၁၁) သိန်း (၆)သောင်း - (၄-ဌာန အိန္ဒိယ+နီပေါ+သက်သသနကိုရ်)
- (၁၅)ရက်(၁၂)သိန်း (၆) သောင်း - Hotel (၂)ည(၈-ဌာန အိန္ဒိယ+နီပေါ+အာဂရာ+ဒေလီ)

(ခရီးအားလုံးခရီးစဉ်ပြီး ညစောင်းသီးစဉ်လုံးပေါပါ)

အမှတ် (၃၀၆)၊ အောင်မေတ္တာလမ်း၊ ယမုံနာ (၁) ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၄၃၉၉၇၉၉၄၊ ၀၉-၄၄၃၉၉၇၉၉၅၊ ၀၉-၄၄၃၉၉၈၈၉၀၊ ၀၉-၄၄၃၉၉၈၈၉၁

ခရီးစဉ်ထွက်ခွာမည့်ရက် - (၂-၁၀-၂၀၁၉)၊ (၂၇-၁၁-၂၀၁၉)၊ (၂၉-၁၂-၂၀၁၉)၊ (၁၅-၁-၂၀၂၀)၊ (၂၆-၂-၂၀၂၀)၊ (၂၉-၃-၂၀၂၀) တို့ ဖြစ်ပါသည်။



အိမ်စာရောက် Guide သင်ပေးသည်
(၁၀)တန်း ကျောင်းသား/သူ များကို ဘာသာစုံ(သို့) တစ်ဘာသာချင်း အိမ်တိုင်ရာ ရောက်သင်ကြားပေးသည်။
Ph : 09-5156557



**အောင်ကမ္ဘာ**
(အိမ်ခြံမြေ) ရောင်းဝယ်ရေး
ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း၊)ရွှေပေါက်ကံ မြေကွက်များဝယ်လိုသည်။ အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096144
09-450096155


## ဘွဲ့လွန်ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံဘဏ်များအသင်းကကြီးမှူး၍ မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း (Myanmar Institute of Banking)နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်းညှိနှိုင်း၍ ဖွင့်လှစ်သင်ကြားမည့် ဘွဲ့လွန်ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းကို ရန်ကုန်မြို့တွင် မကြာမီဖွင့်လှစ်ရန်ရှိပါသည်။

၂။ သင်တန်းဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သင်တန်းအမည် ။ ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်း Diploma in Banking (DB Course) ဖြစ်ပါသည်။

(ခ) ဘွဲ့အမည် ။ ဘဏ်လုပ်ငန်းဒီပလိုမာဘွဲ့ Diploma in Banking (DB)

(ဂ) သင်တန်းကာလ ။ အချိန်ပြည့် (၁)နှစ်သင်တန်း

(ဃ)သင်တန်းသားအရည်အချင်း ။ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး အသက်(၂၀)နှစ်မှ (၅၀)နှစ်ကြားရှိသူ၊ ဘဏ်လုပ်ငန်းကို စိတ်ဝင်စားသူနှင့်ဘဏ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် ရည်ရွယ်သူများလျှောက်ထားနိုင်ပါသည်။

(င) နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များက အလုပ်အကိုင်ခေါ်ယူရာတွင် အထောက်အပံ့ဖြစ်စေပါသည်။

(စ) ဘဏ်လုပ်ငန်းပညာရပ်များကို စာတွေ့နှင့်လက်တွေ့ပေါင်းစပ်၍ လုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။

(ဆ) စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားဆရာကြီး/ဆရာမကြီးများ၊ ဝါရင့်ဘဏ်လုပ်ငန်း ပညာရှင်ကြီးများ၊ ဘဏ်အသီးသီးမှ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများမှ သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

၃။ သင်တန်းတက်ရောက်လိုသူများ အောက်ပါလိပ်စာသို့ ၁၃-၉-၂၀၁၉ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

**မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း**
**Myanmar Institute of Ba nking**
**အမှတ်(၂)၊ စည်ပင်လမ်းသစ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**(မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရန်ကင်းစင်တာအကြား)**
**ဖုန်း-၀၁-၅၄၈၁၄၆၊ ၈၆၀၅၅၄၃**

**အခန်းကျယ်ငှားမည်**

ရုံးခန်း၊ ကျောင်းခန်း၊ GYM ဖွင့်ရန်တို့အတွက် အထူးသင့်တော်သော အခန်းကျယ်ငှားရန်ရှိသည်။

- အကျယ်အဝန်း - ပေ ၃၀ × ပေ ၉၀
- အထပ် - (၃)လွှာ၊ (၄)လွှာ၊ (၆)လွှာ၊
- နေရာ - ဗိုလ်ချုပ်လမ်းမပေါ်၊ ပုဇွန်တောင်မြို့နယ်၊

ဆက်သွယ်ရန်- ၀၉-၅၀၂၃၀၉၈၊ ၀၉-၇၉၂၃၂၃၆၆၉


**ကိုဆောင်း** ရွှေပေါက်ကံ၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်းမြေကွက်များ ဝယ်ယူလိုပါသည်။Ph:095044836






မြန်မာပြည်မှာအကောင်းဆုံး
**ဂရိတ်ဝေါကွန်ပို့စ်**
- ၅ ချပ်မှာရင် ရန်ကုန်ဆိုက်အရောက်ပို့တယ်...
- အချပ် ၂၀၀ ကျော်ရင် နယ်ပို့ပေးတယ်...
- အရည်အသွေးမကောင်းရင် ငွေပြန်အမ်းမယ်...
- 3 မီလီ 4 မီလီ နှစ်မျိုးလုံးရတယ်...
- KTV , ဆီဆိုင် , Showroom , Center ဆောက်လုပ်လိုသူများကို ဈေးလျှော့ပေးမယ်...

**COMPO KING COMPANY** (ခ၃၊အေ)၊ ဝေဇယန္တာလမ်းမ၊ ငွေကြာရံ ၅ လမ်း၊ တောင်ဥက္ကလာပ။
**PH : 01-2333134, 01-8564440, 09-426777100, 09-426777200**



**ချမ်းသာအောင်** အိမ်ခြံမြေရောင်းဝယ်ရေး
မြောက်ဒဂုံ၊ အရှေ့ဒဂုံ နှင့် ဒဂုံဆိပ်ကမ်းရှိ မြေကွက်များဝယ်လိုသည်။
09-5030138,09-795663667



**iStock**
ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်



- အရောင်း၊အဝယ်စာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
- ကုန်လက်ကျန် စာရင်း
- အသုံးစရိတ် စာရင်း
- အကြွေးစာရင်း
- Report ပေါင်း(၄၀၀)ကျော်

HOT LINE : 09 43209550

မြန်မာတစ်နိုင်ငံလုံးရှိမြို့ပေါင်း (၁၀၀)ကျော် စီးပွားရေး လုပ်ငန်းပေါင်း (၅၀၀၀)ကျော်တို့တွင် အသုံးပြုလျက်ရှိပြီး ကျွမ်းကျင်ဝန်ထမ်းပေါင်း(၁၅၀)ကျော်ဖြင့် အကောင်းဆုံး ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ရန်ကုန်(ရုံးချုပ်) | 09- 420909100, 09- 43064181 | ပုသိမ် | 09- 455042500, 09- 455042499 | မုံရွာ | 09- 404404345, 09- 404404678 | ပြည် | 09- 404060994, 09- 404060995 |
| မန္တလေး | 09- 440067577, 09- 978030881 | တောင်ကြီး | 09- 444200771, 09- 444200772 | မော်လမြိုင် | 09- 970133399, 09- 970233399 | ဖူဝံ | 09- 404404308, 09- 404404309 |
| နေပြည်တော် | 09- 257333214, 09- 974432762 | မြိတ် | 09- 424008080, 09- 955042499 | | | | |

Galaxy Software Co., Ltd.

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။
(၂) **ဇီဝဗေဒ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။
(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။
(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းခန်းမ။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဇေယျဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံကျောင်း။
(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဉာဏ်ထွန်း
### အသက်(၇၀)

**ခုခံအားကျ၊ အထွေထွေအရေပြားကုဆရာဝန်ကြီး-ငြိမ်း၊ ရှမ်းပြည်နယ်**

**(WHO/PYI GYI KHIN/NGO) ၏ M&E Manager**

ဒေါက်တာနိုင်ဇော်ထွန်း (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန)-ဒေါက်တာမြတ်ဆုမွန်(ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန)တို့၏ ဖခင် ဒေါက်တာဉာဏ်ထွန်းသည် ၅-၈-၂၀၁၉ (တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းဝင်း-ဒေါ်စမ်းစမ်းဌေး**
**ပြည်ထောင်စုဝန်ကြီး**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်မြင့်
### အသက်(၇၀)

ရန်ကုန်မြို့၊ အမှတ် (၂၀)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးကံစိန်-ဒေါ်စန်းရှင်)တို့၏ သား၊ (ဦးမောင်ငယ်-ဒေါ်ငါး)တို့၏ သားသမက်၊ ဒေါ်ခင်ဦး၊ ဦးကျော်လှိုင်-ဒေါ်ညွှန့်ညွှန့်ရီတို့၏ မောင်၊ [သခင်ခင်ညွှန့်-ဒေါ်ခင်လှ(စာပေလောကစာအုပ်တိုက်)]တို့၏တူ၊ ဒေါ်ခင်ဝိုင်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်မြတ်ဦး-ဒေါ်သင်ဇာမျိုးအောင်တို့၏ ချစ်လှစွာသောဖခင်၊ ကိုဇော်ဇော်၊ မဖြူဖြူမာ၊ မမီမီမျိုးမြတ်တို့၏ ဦးလေး၊ မောင်ဥက္ကာမင်းခန့်၏ ချစ်လှစွာသော အဘိုး သည် ၆-၈-၂၀၁၉ ရက် နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးသိန်း

**က.စ.လ၊ စက်မှုဝန်ကြီးဌာန (ငြိမ်း)**

### အသက် (၆၄) နှစ်

ရန်ကုန်မြို့ မ/ဥက္ကလာပမြို့နယ်၊ သုမိတ္တာ(၉)လမ်း၊ (၁)ရပ်ကွက်၊ အမှတ်(၂၈၀)နေ (ဦးလှအောင်)-ဒေါ်မြအေးတို့၏သား၊ ဒေါ်မြင့်မြင့်ဦး၏ ခင်ပွန်း၊ (ဒေါ်မြင့်မြင့် သိန်း)၏မောင်၊ (ဦးခင်မောင်သောင်း)-ဒေါ်သန်းသန်းနိုင်၊ ဦးသိန်းနိုင်-ဒေါ်ခင်မာပြုံးတို့၏ အစ်ကို၊ ကိုအောင်သူဟိန်း-မမျိုးနန္ဒာစိုး၊ ကိုအောင်သူငြိမ်း-မနှင်းပပတို့၏ ဖခင်၊ ကိုမင်းဇင်ဦး-မဝင်းပပဖြိုး၊ ကိုသောင်းနိုင်ဦး၊ ကိုဝင်းလွင်ဦး၊ ကိုဆက်အောင်တို့၏ဦးကြီး၊ မောင်အောင်စစ်ငြိမ်း၊ မောင်စစ်ဘုန်းအောင်တို့၏ အဘိုးသည် ၆-၈-၂၀၁၉(အင်္ဂါနေ့) နံနက် ၈ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မီမီခိုင် (ခ) ပူစူး (မြောက်ဦး)
### အသက် (၅၉) နှစ်

မြောက်ဦးမြို့ ညောင်ပင်ဈေးရပ်နေ [ဦးရဲဘော်(ဆန်စက်ပိုင်ရှင်)-ဒေါ်ငွေစိန်]တို့၏မြေး၊ (ဦးဦးကျော်သာ)-ဒေါ်နွဲ့နွဲ့တို့၏သမီး၊ (ဦးရွှေထွန်းဖြူ)-ဒေါ်စိန်ကျော့နုတို့၏ သမီးချွေးမ၊ ဦးထွန်းအောင်ကျော်၏ ဇနီး၊ မောင်လှိုင်ဖြိုး (GICM Co.,Ltd)၊ မောင်ခိုင်ဉာဏ်လင်း(YUFL-Korea)၊ မောင်ညီသန့်စင် (3rd MBBS, UM-2) တို့၏မိခင်၊ ဒေါ်နုနုခိုင်၊ ဒေါ်အေးအေးခိုင်တို့၏ညီမ၊ နီနီခိုင်၊ ဖြူဖြူခိုင်၊ ကြည်ကြည်ခိုင်၊ စိုးစိုးခိုင်၊ စုစုခိုင်၊ ဇော်မင်းထွန်း၊ နှင်းလဲ့ခိုင်၊ နှင်းသက်ခိုင်တို့၏ အစ်မသည် ၅-၈-၂၀၁၉ (တနင်္လာနေ့) ည ၈း၁၀ နာရီတွင် သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ (၆)လမ်း အရှေ့၊ အမှတ်(၃၁)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ ရက် ညနေ ၅ နာရီတွင် ကျိုက်စုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဇင်မာဖုန်း (ဒုတိယညွှန်ကြားရေးမှူး)
### အသက်(၅၉)နှစ်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂)၊ အားကစားလေ့ကျင့်ရေးစခန်း(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်ဇင်မာဖုန်း (ဒုတိယညွှန်ကြားရေးမှူး)သည် ၅-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်**
**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မော်မော်စိုး

**အလယ်တန်းပြဆရာမ၊ အထက (ထုံးဘိုမြို့)**

**B.Sc (Marine Biology) (1986)**

### အသက် (၅၇) နှစ်

၁၉၈၆ ခုနှစ်၊ အဏ္ဏဝါဇီဝဗေဒကျောင်းသူဟောင်း ချစ်သူငယ်ချင်း မော်မော်စိုးသည် ၆-၈-၂၀၁၉ ရက် နံနက်တွင် ထုံးဘိုမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းမွန်သောဘုံဘဝသို့ ရောက်ရှိပါစေ။

**၁၉၈၆၊ အဏ္ဏဝါဇီဝဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ**

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးစိုးလွင် (၈၂)နှစ်

**ကျန်းမာရေးမှူး-ငြိမ်း၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့**
**ညောင်စာရေးအသင်းဝင်၊ ပြည်သရေခေတ္တရာအသင်းဝင်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ရွှေကူရပ်ကွက်နေ [ဒေါက်တာဘရပ်ပါသီ(ခ) Dr.သခေါ်၊ [ဒေါ်အင်ဂါဗာလီ(ခ)အမာ]တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးတာတာ-ဒေါ်သန်းရှင်)တို့၏ သားသမက်၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ (ဒေါ်လှ-ဦးဂျေရပီရန်း)၊ ဒေါ်ဘေဘီတို့၏ မောင်၊ [ဒေါ်ခင်ခင်မ(မြန်မာသမိုင်းအဖွဲ့ဝင်-ငြိမ်း)]၊ သန်လျင်မြို့နယ်နေ [ဒေါက်တာမြင့်သိန်း(ခ)ဂိုလ်ပါ]-ဒေါ်နွယ်တို့၏ အစ်ကို၊ ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၁၃၀၅)နေ ဒေါ်မမကြီး၏ ခင်ပွန်း၊ (ဦးလှမြင့်)၊ ဦးတင်မြင့်(ခ)ကိုတူး-ဒေါ်လှလှဆွေ၊ (ဒေါ်မာယာစိုးလွင်)၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ ဦးကျော်ကျော်လွင်-ဒေါ်သီတာအေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးစိုးလွင်သည် ၅-၈-၂၀၁၉ (တနင်္လာနေ့) ညနေ ၆း၃၅နာရီတွင် ပင်လုံဆေးရုံ(မြောက်ဒဂုံ)၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်ခန်းမ(၁/ဂ)သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့ မြောက် ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၁၃၀၅) နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ စံပယ်လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး**

## ဒေါ်ခင်အေး
### အသက်(၈၇)နှစ်

ရေဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်၊ မယင်းကူးကျေးရွာအုပ်စု၊ မယင်းကူးကျေးရွာနေ ဦးမောင်ခို-ဒေါ်အုန်းလှိုင်တို့၏ သမီးချွေးမ၊ ဦးမောင်ခ-ဒေါ်ဒွေးဖြူတို့၏ သမီး၊ ဦးတင်သောင်း-(ဒေါ်မြနွဲ့)၊ ဒေါ်မာဦး၊ (ဦးတင်သိန်း-ဒေါ်အုန်းရီ)၊ (ဦးမြသိန်း)-ဒေါ်ပြုံးရီ၊ ဦးမြင့်ရွှေ-ဒေါ်ဒွေးအောင်၊ ဦးစိုးလင်း-ဒေါ်ကြည်ကြည်ဝင်း၊ ဦးဇော်ထွန်း-ဒေါ်ခင်မွေး၊ ဦးကျော်ရာဇာ-ဒေါ်ကြည်ကြည်ဝင်း တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ (ဦးပွား)၏ ချစ်လှစွာသောဇနီး၊ မြေး ၂၆ ယောက်၊ မြစ် ၁၉ ယောက်တို့၏ အဘွားသည် ၅-၈-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၆၃)၊ သစ္စာပန်းလမ်း၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ စက်မှုတိုးချဲ့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဂန္ဓကုဋိတိုက်၊ ဘုရားမုခ်ဦး ဒါယိကာမကြီး**

## ဒေါ်ကျင်မွှေး (တပ်မြေရွှေပန်းထိမ်)
### အသက်(၈၃)နှစ်

ခရမ်းမြို့ ကျုံကန်ကျေးရွာနေ (ဦးစိန်ဒိုင်-ဒေါ်တင်)တို့၏ သမီး၊ ခရမ်းမြို့ ရွှေပန်းထိမ်ဆရာကြီး (ဦးဘကြွယ်-ဒေါ်စောသင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ (၆)ရပ်ကွက်၊ အမှတ်(၂)၊ ဆပ်သွားဖူးလမ်းနေ တပ်မြေ ရွှေပန်းထိမ်ဆရာကြီး (ဦးအေးမောင်)၏ ဇနီး၊ ကိုအောင်ကြိုင်-[မစန်းစန်းရီ(ပတ္တမြားသီဂီရွှေဆိုင်)]၊ ကိုဘသန်း-မပြုံးကြည် (တပ်မြေရွှေပန်းထိမ်)၊ မစောစော၊ (ကိုဆွေတင်)-မခင်စိုးပိုင် (မိုးနတ်သံရွှေဆိုင်)၊ (ကိုတင်မောင်လတ်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်ကျင်မွှေး (တပ်မြေရွှေပန်းထိမ်)သည် ၅-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (အမှတ်-၂၊ ဆပ်သွားဖူးလမ်း၊ (၆)ရပ်ကွက်၊ တပ်မြေ ပုဇွန်တောင်နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သောင်းကြည်
### အသက် (၇၈) နှစ်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၄)လမ်း၊ ကန်ရှေ့ရပ်ကွက်၊ အမှတ်(၁၂၈)နေ (ဦးသောင်းငွေ-ဒေါ်ဖွားကြည်)တို့၏သမီး၊ (ဦးချစ်စိန်)၏ ချစ်လှစွာသော ဇနီး၊ ဦးထွန်းအေး-ဒေါ်သီတာလှိုင်၊ ဦးသိန်းလွင်-ဒေါ်ချိုမာထွန်း၊ ဦးအေးလွင်-ဒေါ်သီသီထွန်း၊ (ဦးထွန်းမြင့်)-ဒေါ်ရီရီချို၊ ဦးအေးငြိမ်း-ဒေါ်စန္ဒာသန်း၊ ဦးသိန်းဌေး-ဒေါ်ခင်ယမုံတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၃ ယောက်၊ မြစ် ခုနစ်ယောက်တို့၏ဘွားဘွားသည် ၅-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစောထွန်း (ခနေဖြူမြို့)
### အသက်(၅၇)နှစ်

ခနေဖြူမြို့ လှေကြီးပိုင်၊ မဟာဗန္ဓုလကြေးရုပ်လမ်း၊ အမှတ်(၂၂၉)နေ (ဦးအေးကြူ)-ဒေါ်လှရီတို့၏ တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပုညဝမုနလမ်း၊ အမှတ်(၂၉)၊ ခုနစ်လွှာနေ ဒေါ်ဥမ္မာ၏ ခင်ပွန်း၊ ဗိုလ်ကြီးရဲရင့်အောင်(ခ)စည်သူစိုး (သီပေါ-၅၀၃)-ဒေါ်သီသီအောင်(ခ)နိုနို(SME Bank)၊ မောင်အောင်ဆန်းလင်း(ခ)ချစ်ဖို့-မမြသန္တာဝင်း(Hello Mobile)၊ မောင်ချစ်မိုးအောင်(ခ)မောင်ဘုန်းအောင်ခန့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မယွန်းဝတီကို၊ မောင်လမင်းမောင်၊ မောင်လင်းလက်ယာ၊ မထက်လင်းလက်ရတီ တို့၏ အဘိုး သည် ၅-၈-၂၀၁၉ (တနင်္လာနေ့) ညနေ ၅း၅၀ နာရီတွင် အောင်ဆန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ထွဋ် (ခ) Peter Sein Mg
### အသက် (၇၅) နှစ်

ဒေါ်သန်းသန်းနွယ်(ယခင်ပထဝီဝင်ဌာန၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်-ရန်ကုန်)၏ ချစ်လှစွာသောခင်ပွန်း ဦးတင်ထွဋ်(ခ)Peter Sein Mg သည် ၃၀-၇-၂၀၁၉ ရက်တွင် Australia နိုင်ငံ၊ Rockhampton မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**၁၉၆၄-၆၈ ပထဝီဝင်မိသားစု**
**ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် (ရန်ကုန်)**

---

# ဒေါ်ကျင်ဝါ (ပျဉ်းမနား)
### အသက်(၉၇)နှစ်

ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်၊ ဗိုလ်လက်ျာလမ်း၊ အမှတ်(၄/၄၅)နေ (ဦးမွန်ငါး-ဒေါ်ကျင်မြိုင်)တို့၏ သမီး၊ (ဦးတူး-ဒေါ်ကျင်နု)တို့၏ ညီမ၊ (ဒေါ်ကျင်ဥ)၊ ဦးခင်မောင်မြတ်-ဒေါ်တင်မျိုးတို့၏ အစ်မ၊ ဒေါ်ဆွေဆွေသန်း၊ ဦးအောင်ထွန်း-ဒေါ်အေးအေးမြင့်၊ ဒေါ်ကြည်ကြည်လွင်၊ ဦးမြင့်လွင်-ဒေါ်လဲ့လဲ့သိမ်း၊ ဦးခင်ဇော်-ဒေါ်ခင်ခင်အေး၊ ဦးကြည်ဝေ-ဒေါ်မိုမိုအေး၊ ဒေါ်ကြည်ကြည်ဦး၊ ဦးအောင်ကျော်ညွှန့်-ဒေါ်စန္ဒာဝင့်၊ ဦးသက်ဇော်ညွှန့်-ဒေါ်ကေစင်ထွန်းထွန်းတို့၏ အဒေါ်၊ မြေးကိုးယောက် တို့၏ အဘွား ဒေါ်ကျင်ဝါ သည် ၅-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကွေ့ကြီးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ဆွေမြင့်
## (တပ်မတော်မှတ်တမ်းရုံး-ငြိမ်း)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ J(71)၊ရွှေနှင်းဆီ(၃)လမ်း၊ FMI နေ (ဦးအိမ်-ဒေါ်မြသန်း) တို့၏ သမီး၊ ဦးအုန်းမြင့်၏ ဇနီး၊ (ဦးသန်းထိုက်)-ဒေါ်နှင်းနှင်းဦးတို့၏ မိခင်၊ မဆုသဥ္ဇာခိုင်၏ အဘွားသည် ၆-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ပုသိမ်အသင်း(ရန်ကုန်)**

## ဦးစိုးသိမ်း (၈၂)နှစ်

**မြို့နယ်ရဲတပ်ဖွဲ့မှူး(ငြိမ်း)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အမှတ်(၄၉/၅၃)နေ (ဦးလှဘော်-ဒေါ်အေးကြည်)တို့၏ သား၊ သုမင်္ဂလာ ဒေါ်ယဉ်ယဉ်နု (မြတ်မွန်ရတနာသက်န်းတိုက်)၏ ခင်ပွန်း၊ (ဦးဇေယျာသိမ်း)၊ ဦးသောင်းထွဋ်-ဒေါ်မြင့်မြင့်စိုး(စင်ကာပူ)၊ ဦးကျော်စိုးမိုး-ဒေါ်သန်းသန်းဌေး၊ ဦးတင်စိုးကျော်(လ/ထ ညွှန်မှူး DMA)-ဒေါ်တင်ရွှေ(အလပြ)၊ ဦးကျော်ဇေယျ၊ ဦးလှမိုးသိမ်းတို့၏ဖခင်၊ ပုသိမ်အသင်း (ရန်ကုန်) ရာသက်ပန်အသင်းဝင်(ရာ/၁၂၁၅)၊ သီရိသုမ္မေမဏိဇောတရေ ဦးစိုးသိမ်းသည် ၄-၈-၂၀၁၉ ရက် နံနက် ၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Daw Om Awi
### အသက် (၇၅) နှစ်

ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ လေးကောင်းကျေးရွာနေ (U Kee Awm-Daw Tun Ning Young)တို့၏ သမီးလတ်၊ မင်းတပ်မြို့နယ်၊ စွန်တောင်ကျေးရွာဇာတိနေ [ U Thang Khaw Hung (aka) U Myint Shwe (မှုအုပ်ငြိမ်း)]၏ ဇနီး၊ ကန်ပက်လက်မြို့ မြို့မရပ်ကွက်နေ (U Hung Mang)-Daw Tam Kee Mang၊ မတူပီမြို့ လောင်ဇန်းရပ်ကွက်နေ U San Thang (မှုအုပ်)-Daw Hung Shen၊ ကန်ပက်လက်မြို့ မြို့မရပ်ကွက်နေ U Bu Thang-Daw Hung Young၊ ဟားခါးမြို့နေ U Hung Kee (ခရိုင်မှူး၊ စိုက်ပျိုးရေး)-Daw Kee Gei Young၊ USA North Carolina, Charlotte နေ Rev.Dr.Hung Om-Daw Tum Di၊ ဟားခါးမြို့နေ Pu Hung Mong (Central Committee Member, CNF)-Daw Ram Hing၊ ပလက်ဝမြို့နယ်၊ ချိုင်းစနူးကျေးရွာနေ U Hung Khui Shing-Daw Men Bu၊ USA North Carolina, Charlotte နေ Rev. Michael Hung Lawha-Daw Shalom Tuzar တို့၏မွေးသမိခင်၊ မြေး ၃၅ ယောက်တို့၏အဘွား Daw Om Awi သည် ၅-၈-၂၀၁၉ ရက် နံနက် ၁၀း၄၀နာရီတွင် ဟားခါးမြို့တွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆေးရုံ ဒါယကာကြီး**

## ဦးရွှေခိုင်
### အသက်(၉၇)နှစ်

ဖားကူးအရှေ့ကျေးရွာ၊ သန်လျင်မြို့နယ်နေ (ဦးလှဖေ-ဒေါ်မြရှင်)တို့၏ သား၊ (ဦးဖိုးဆိုင်-ဒေါ်ငွေရင်)တို့၏ သားသမက်၊ ဦးတိုး-ဒေါ်လှရီ၊ ဦးကြည်သိန်း-ဒေါ်ရင်စိန်၊ (ဦးကြည်စိန်)-ဒေါ်တင်မြင့်၊ (ဦးကြည်လွင်-ဒေါ်အုန်းသန်း)၊ ဦးမြင့်ဆွေ-(ဒေါ်လှမြင့်)၊ ဦးကျော်သောင်း-ဒေါ်မြင့်စိန်၊ ဦးကျော်ဌေး-ဒေါ်စန်းနု၊ (ဒေါ်တင်စိန်)၊ ဦးစိန်ဌေး-ဒေါ်တင်တင်ထွေး(စိန်ဌေးနှင့်ညီများ-ကားဘော်ဒီဆေးမှုတ်လုပ်ငန်း၊ သာကေတစက်မှုဇုန်)၊ ဦးမောင်သန်း-ဒေါ်လှဌေး၊ ဦးထွန်းမြင့်-ဒေါ်ခင်ညို၊ ဦးကျော်မင်း-ဒေါ်စန်းယုခိုင် (စိန်ဌေးနှင့်ညီများ ကားဘော်ဒီဆေးမှုတ်လုပ်ငန်း၊ မေတ္တာညွှန့်စက်မှု-၁လမ်း၊ တာမွေ)တို့၏ မွေးသဖခင်၊ ဒေါ်ခင်၏ခင်ပွန်း၊ မြေး ၄၅ ယောက်၊ မြစ် ၆၅ ယောက်၊ တီလေးယောက်တို့၏ အဘိုးသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၁၁၇၆)နေ ဦးစိန်ဌေး-ဒေါ်တင်တင်ထွေး တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်သန့် (၉၆)နှစ်

**အလယ်တန်းပြဆရာမ-ငြိမ်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာနေ (ဦးမြတ်ခင်-ဒေါ်မယ်သာ)တို့၏သမီး၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ ဗေယျာလမ်း၊ အမှတ်(၁၀/၁၂)၊ A2B2၊ပထမထပ်နေ [ဦးမြမောင်(မြို့နယ်ပညာရေးမှူး)]၏ဇနီး၊ ဦးသောင်းထွဋ်မောင် (S'Pore)-ဒေါ်ချိုချိုသိန်း(S'Pore)၊ ဒေါက်တာအောင်ကြီးမောင် (ညွှန်မှူး၊ ကုသ)-ဒေါက်တာဥမ္မာခိုင်၊ [ဒေါ်ဇင်မြမူ(စာရင်းစစ်မှူး)]၊ ဒေါ်ဇင်မြဝေ(အထက-၂၊ ကမာရွတ်)၊ ဒေါ်ယဉ်မြဆွေ(အမက-၂၊ ကမာရွတ်)၊ ဦးဆန်းသစ်မောင် (NAING Group)-ဒေါ်စုမြတ်မြတ်စိုး၊ ဦးတင်ဇော်မောင်တို့၏ မိခင်၊ ဒေါက်တာမင်းသူအောင်၊ ဒေါက်တာစည်သူအောင်၊ ကိုသက်ထွန်းအောင်-ဒေါက်တာဟန်နီအောင်၊ ကိုပိုင်စိုးဦး၊ မောင်ကောင်းဇင်လင်းမောင်၊ ရဲဝဏ္ဏအောင်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၆-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၅၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလင်းဇော်ခိုင်(ခ)ဦးဝင်းကြည်ခိုင်

**(တာဝန်ခံ အယ်ဒီတာ-ငြိမ်း၊ စစ်ပြန်မဂ္ဂဇင်း)**

**အယ်ဒီတာချုပ်(ငြိမ်း) (န-တ-လ မဂ္ဂဇင်း)**

### အသက်(၇၅)နှစ်

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ တိုက် (၆/က)နေ (ဦးစိန်မောင်-ဒေါ်သန်းရွှေ)တို့၏ သား၊ (ဦးဘရွှေ-ဒေါ်စောမြ)တို့၏ သားသမက်၊ ကိုအေးဝင်း-မသင်းဝတ်ရည်ခိုင်၊ ကိုဇော်မြတ်မင်း(ခ)မင်းမင်း-မအေးမာ၊ ကိုဇော်ဝင်းထွဋ်(ခ)ထွဋ်ထွဋ်-မင်းမင်းစိုး၊ ကိုဇင်ထိုက်လင်း(ခ)လင်းလင်း-မသန်းသန်းထွေး၊ ကိုကျော်မင်းထက်-မဝတ်ရည်မွန်သူ(ခ)သဲသဲတို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုး၊ ဒေါ်မြမြသန်း(ခ)ဒေါ်လှထွေးတို့၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၀၀း၅၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ (တနင်္လာနေ့)တွင် လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ တိုက် (၆/က) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုနိုင်ထူးမြင့် (တွတ်တွတ်)
### အသက် (၄၄) နှစ်

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁၃၀)၊ ခတ္တာလမ်း၊ (၂/က) ရပ်ကွက်နေ ဗိုလ်မှူးကြီးဘမြင့်(ငြိမ်း)-(ဒေါ်ညိုညိုသန်း)တို့၏ သားလတ်၊ မအေးသီတာမြင့် (မြန်မာသံရုံး၊ နယူးဒေလီ)၊ ဗိုလ်မှူးကြီးဇော်ပိုင်ထွန်း-ဒေါ်ယုရွှေစင်မြင့်တို့၏မောင်၊ ဗိုလ်ကြီးအောင်သူမြင့် (ငြိမ်း)-ဒေါ်အိအိခိုင်တို့၏ အစ်ကို၊ ကျောက်ဆည်မြို့နေ ဦးအေးသောင်း၊ ဦးစံသိန်း၊ ဦးဘတင့်၊ ဒေါ်မေဝမ်း၊ ဒေါ်ခင်ဆန်း၊ ဒေါ်မြင့်မြင့်၊ ရန်ကုန်မြို့နေ ဒေါ်မေစိုးသန်း၊ ဒေါ်မြမာလာသန်း၊ ဒေါ်မေအေးသန်းတို့၏တူ၊ မဆုရတီမြင့်၊ မောင်ခန့်တည်မြင့်တို့၏ ဦးလေး သည် ၆-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ မင်္ဂလာဒုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့်ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနားနှင့် မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၆

**အမျိုးသားအဆင့်ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနားနှင့် မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာဖိုရမ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးသန့်စင်မောင်၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်နှင့်ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နေပြည်တော် ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရပ်ဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်ပညာရှင်များ၊ UN၊ INGO နှင့် NGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့်ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနားနှင့် မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာဖိုရမ်တွင် အမှာစကားပြောကြားစဉ်။

## အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် မြန်မာအသင်း လာအိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ



မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်စဉ်။

**ရန်ကုန် ဩဂုတ် ၆**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာအသင်းက လာအိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ခြေစွမ်းအရ အကောင်းဆုံးပုံစံ မရသေးသော်လည်း အဖွင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအနေအထားအရ နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းများရှိနေသလို အဖွင့်ပွဲ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ◆

## အီဒုလ်အသ္ဟာ (ကုရ်ဘာနီအီးဒ်)နေ့ကို အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် ကြေညာ

၁၃၈၀ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက် (၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၂ ရက်) တနင်္လာနေ့သည် အီဒုလ်အသ္ဟာ (ကုရ်ဘာနီအီးဒ်)နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် (၄၈/၂၀၁၉)ဖြင့် ကြေညာထားပါသည်။

## ကြေးမုံ ယနေ့ဖတ်စရာ

**ဝက်သေဆုံးမှုများဖြစ်ပေါ်ခဲ့သည့် ရှမ်းပြည်နယ် တာချီလိတ်ခရိုင်နှင့် မိုင်းလားအထူးဒေသများသို့ အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားမှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးရန် အထူးအဖွဲ့များ စေလွှတ်ထား**

စာမျက်နှာ » ၉

**ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းတစ်ပတ်အတွင်း အပူလျှပ်ဝေဒနာခံစားရသူ ၁၈၀၀၀ ကျော်ရှိ**

စာမျက်နှာ » ၁၂